EVERY FRIDAY

# မြစ်ကြီးနားသတင်း ဂျာနယ်

၂၀၁၄ မတ် ၂၉ တွင် စတင်ထုတ်ဝေသည်

အတွဲ (၅)၊ အမှတ် (၁) | “ကချင်ပြည်နယ်၏ ပထမဦးဆုံး လွတ်လပ်သော သတင်းစာ” | (ဇန်နဝါရီ ၁၂ - ဇန်နဝါရီ ၁၈၊ ၂၀၁၈)

# ၂၀၁၇ လှည့်ကြည့်ခြင်း




## တပ်မတော်က လက်နက်ကြီးများ ပစ်ခတ်မှုကြောင့် စစ်ရှောင်များ ပုံးခိုကျင်းများ တူးနေရ

စာ - ၅ သို့ »

## အစိုးရသက်တမ်း ၂ နှစ်အတွင်း ဖားကန့်အရေး လွှတ်တော်ထဲမရောက်သေး

စာ - ၇ သို့ »

## ၂၀၁၇ ခုနှစ်တွင် တိုက်ပွဲပေါင်း ၂၆၀ ခန့် ဖြစ်ပွား

စာ - ၅ သို့ »

# ကားကြီးကွင်းအသစ် ဆိုင်ခန်းများတွင် ရေပိုက်လိုင်း ရေယိုစိမ့်မှုများ ဖြစ်ပွားနေ

ဇန်နဝါရီ ၁၀

မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်တွင် အသစ်ဖွင့်လှစ်တည်ဆောက်ထားသည့် မြစ်ဖျားရော အဝေးပြေးယာဉ်ရပ်နားစခန်းရှိ ဆိုင်ခန်းများတွင် ရေပိုက်လိုင်းများ ရေယိုစိမ့်မှုဖြစ်နေသောကြောင့် အခက်တွေ့နေရသည်ဟု ယာဉ်လိုင်းအသင်း တာဝန်ခံများက ပြောသည်။

ထိုရေယိုစိမ့်မှုများကြောင့် ကုန်ပစ္စည်းများ သိုလှောင်ရန် အခက်အခဲဖြစ်နေသည့်အတွက် အမြန်ဆုံးပြန်လည်ပြုပြင်ပေးရန် တောင်းဆိုထားကြောင်း ပန်းမော်မန်းအဆင့်မြင့်ခရီးသွားလာရေးအသင်းမှ တာဝန်ခံဦးဘုန်းက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"တစ်ရက်ကို ၁၀ ခါ မကဘူး။ ရေတွေကို လှည်းထုတ်နေရတယ်။ ရေစိုတော့ ပစ္စည်းတွေလည်း ထားလို့မရဘူး။ ရေကန်ရံတွေကြားထဲကနေ ထွက်လာတာ။ ရေပိုက်လိုင်းက မလုံလို့ရေစိမ့်တာ။ ကြာရင် မလွယ်ဘူး"ဟု ဦးဘုန်းက ပြောသည်။

ထိုသို့ ရေယိုစိမ့်မှုများ ဖြစ်ပေါ်နေသည်ကို ပြန်လည်ပြုပြင်ပေးရန်အတွက် ကားဝင်းအသစ်ကို တာဝန်ယူဆောက်လုပ်ခဲ့သည့် မဇ္ဈူသာဆောက်လုပ်ရေးကုမ္ပဏီက လာရောက်စစ်ဆေးမှုများ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း ပုဂ္ဂလိကပိုင်မော်တော်ယာဉ်များ ကြီးကြပ်မှုကော်မတီ(ယကတ)မှဥက္ကဋ္ဌ ဦးအေးဇော်ဇော်က ဇန်နဝါရီ ၁၀ ရက်တွင် မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ကုမ္ပဏီကလည်း စည်ပင်ကို မအပ်ရသေးဘူးလေ။ ကုမ္ပဏီက အင်ဂျင်နီယာတွေကတော့ပြင်သင့်တာတွေ ပြင်ဖို့ စာရင်းတွေ လိုက်ကောက်နေပြီးတော့ အပြီးပြန်လုပ်ပေးမယ်လို့တော့ ပြောသွားတာပဲ"ဟု ဦးအေးဇော်ဇော်က ရှင်းပြသည်။



မနောရောကားကြီးဝင်းအသစ်အား တွေ့ရစဉ် ဓါတ်ပုံ - စည်သူ(မြစ်ကြီးနား)

အထက်ပါ ကားကြီးဝင်းမှ ဆိုင်ခန်းများကို အဝေးပြေးယာဉ်လိုင်းပြေးဆွဲသည့် ယာဉ်အသင်း ၃၀ ကျော်က တစ်ခန်းလျှင်ငွေကျပ်သိန်း၇၀၀ ခန့်ဖြင့် ၅ နှစ် အရစ်ကျ ပေးဝယ်ခဲ့ရပြီး ပြည်နယ်အခြေစိုက် ယာဉ်အသင်းငယ်များကိုမူ တစ်လလျှင် ငွေကျပ် တစ်သိန်းခွဲနှုန်းဖြင့် ၃ နှစ် အငှားချပေးထားကာ နှစ်စဉ်ငွေကျပ်ငါးသောင်းခန့် တိုးမြှင့်ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ အငှားချပေးထားသော်လည်း အချို့ယာဉ်လိုင်း၅ လိုင်းခန့်မှာ ဆိုင်ခန်းအရေအတွက်အခက်အခဲကြောင့် အငှားယူခွင့် မရခဲ့ကြောင်းလည်း သိရသည်။

"အခန်းအရေအတွက်က ၇၀ ပဲ ရှိတာကြောင့် ဦးသူစနစ်နဲ့ လုပ်ပေးရတဲ့အခါကျတော့ နောက်ထပ် ငါးသင်း ခြောက်သင်းလောက်က အခန်းမရဘူး ဖြစ်နေတယ်။ အဲဒီတော့ ပထမငှားတဲ့သူနဲ့တွဲပြီး ငှားရတော့တာပေါ့။ ဘယ်လောက် ငှားတယ်ဆိုတာတော့ သူတို့ဟာသူတို့ သတ်မှတ်ကြတယ်"ဟု ဦးအေးဇော်ဇော်က ထပ်မံပြောသည်။

ယခင်က သီတာရပ်ကွက်ရှိ ၃ ဧကသာ ကျယ်ဝန်းသည့် ကားကြီးဝင်းသည် ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနပိုင်နေရာဖြစ်ပြီး အကျယ်အဝန်းနှင့် ယာဉ်လိုင်းအရေအတွက် မျှတမှုမရှိခြင်းကြောင့် လက်ရှိအချိန်တွင် ဧက ၂၀ ခန့် ကျယ်ဝန်းသည့် (အခန်းပေါင်း ၇၇ ခန်း၊ ဈေးဆိုင်ခန်း ၁၄ ခန်း)မြစ်ဖျားရောကားကြီးဝင်းအသစ်သို့ ယခင်အစိုးရ လက်ထက်ကတည်းက ပြောင်းရွှေ့ရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

ထို ကားကြီးဝင်းအသစ်ကို ဇန်နဝါရီလ ၃ ရက်က ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင် တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

စည်သူ(မြစ်ကြီးနား)

# အထက်ရောဝတီမြစ်ဝှမ်းဒေသနှင့်ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲကို ကချင်ပါတီ ၄ ခုက ကန့်ကွက်ကြောင်း ကြေညာချက်ထုတ်

ဇန်နဝါရီ ၈

မြန်မာနိုင်ငံ၏ ရေအားလျှပ်စစ်ကဏ္ဍအတွက် မဟာဗျူဟာမြောက် ပတ်ဝန်းကျင်ဆိုင်ရာဆန်းစစ်ချက် (SEA) ဖွံ့ဖြိုးရန် ပြုလုပ်သည့်အထက်ရောဝတီ မြစ်ဝှမ်းဒေသအလုပ်ရုံဆွေးနွေးပွဲကို မြစ်ကြီးနားမြို့ရှိ Palm Spring Resort တွင် ပြုလုပ်ခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ယခုလ ၅ ရက်တွင် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း(IFC) က သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

SEA ၏ အဓိကတွေ့ရှိချက်များကို အနှစ်ချုပ်ရှင်းလင်းခြင်း၊ ရောဝတီ အထက်ပိုင်းနှင့် အလယ်ပိုင်း အောက်ပိုင်း မြစ်ဝှမ်းဒေသခွဲများအတွက် မြစ်ဝှမ်းဒေသခွဲဆိုင်ရာ တိုင်းတာဆန်းစစ်ချက် ရလဒ်များကို ဆွေးနွေးတင်ပြခြင်း၊ စီမံကိန်းရေရှည်စဉ်ဆက်မပျက် ဖွံ့ဖြိုးမှုဆိုင်ရာမူဘောင်နှင့် အကြံပြုချက်များအတွက် ပါဝင်ပတ်သက်သင့်သူများ၏ သဘောထားမှတ်ချက်များ အကြံဉာဏ်များကို ရယူလိုခြင်းကြောင့် အထက်ပါအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်သည်ဟု SEA မှ ဒေါက်တာလွင်လွင်ဝေက ပြောသည်။

အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC) နှင့် ပူးပေါင်းဆောင်ရွက်သည့် အဆိုပါအလုပ်ရုံဆွေးနွေးပွဲနှင့် ပတ်သက်၍ ကချင်ပါတီ ၄ ခု အနေဖြင့်ကန့်ကွက်ကြောင်း ကြေညာချက်တစ်ရပ်ကို အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်သည့်နေ့တွင် ထုတ်ပြန်ခဲ့သည်။

"မြစ်ဆုံရေကာတာ တည်ဆောက်တာကြောင့် ကချင်ပြည်နယ်သူ/ သားတွေအတွက် ဘာအကျိုးခံစားခွင့်မှရှိမှာ မဟုတ်ဘူး။ တရုတ်တွေပဲ အကျိုးခံစားရသွားမှာ"ဟု ကချင်ပြည်နယ်ဒီမိုကရေစီပါတီ KSDP ပါတီမှ ပဟိုအလုပ်အမှုဆောင်ကော်မတီအဖွဲ့ဝင် ဦးဆမ်ဆွန်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ခြင်းနှင့် ပတ်သက်ပြီး ကန့်ကွက်ရခြင်းကြောင်းကို လော်ဝေါ် အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် တိုးတက်ရေးပါတီမှ ဥက္ကဋ္ဌဒေါက်တာဒေါင်ခမ်းက "မြစ်ဆုံရေကာတာစီမံကိန်းဆောက်လုပ်တာကြောင့် မြစ်ကြီးနားမှာတင် မဟုတ်ဘဲ ဗိုင်းမော်၊ အင်ဂျန်းယန်မှာလည်း ပျက်စီးမယ့်အပြင် ကချင်ပြည်နယ်က တိုင်းရင်းသားတွေအကုန်လုံး ဒေးအန္တရာယ် ခံစားရနိုင်တယ်။ အောက်ပိုင်းမှာလည်း ခံစားရမှာပဲ။ ပြောရမယ်ဆိုရင် ဘေးထွက်ဆိုးကျိုး အများကြီးဖြစ်လာနိုင်တယ်။ ၈၀ ရာခိုင်နှုန်းအထက် ပျက်စီးနိုင်တယ်"ဟု ဆိုသည်။

ထိုသို့ ကချင်ပါတီများက ကန့်ကွက်ကြသကဲ့သို့ပင် ဒေသခံပြည်သူများကလည်း ကန့်ကွက်သည့်အနေဖြင့် ထိုအလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်သည့်နေ့တွင် Palm Spring Resort ရှေ့၌ဆန္ဒဖော်ထုတ်ရန် ကြိုးပမ်းခဲ့ကြသည်။

သို့သော် ဆန္ဒဖော်ထုတ်ရန်အတွက် ခွင့်ပြုမိန့်တောင်းခံမှု နောက်ကျခဲ့သည့်အတွက် ဆန္ဒဖော်ထုတ်ခွင့် ပိတ်ပင်တားဆီးခံခဲ့ရပြီး ပွဲနိုင်းဆိုင်းဘုတ်ကိုင်ဆောင်ခွင့်၊ အော်ဟစ်ကြွေးကြော်ခွင့် မရရှိခဲ့ကြောင်း သိရသည်။

မြစ်ဆုံဒေသခံများအနေဖြင့် ဆန္ဒဖော် ထုတ်ခွင့်ရရှိမည်ဆိုပါက "စစ်မြေပြင်အတွင်းသွေးစွန်းမည့် ရေအားလျှပ်စစ်စီမံကိန်းအလိုမရှိ၊ နိုင်ငံရေးပြဿနာမဖြေရှင်းနိုင်သေးသ၍ အကြီးစား စီမံကိန်းများအားလုံး ရပ်ဆိုင်းရေး၊ နိုင်ငံတကာအဖွဲ့အစည်းများမှ အကြီးစားရေကာတာစီမံကိန်းများကို ဦးဆောင်ခြင်း ထောက်ပံ့ခြင်း အလိုမရှိ၊ ရောဝတီမြစ်ဆုံ၊ မြစ်ညာ မြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများ လုံးဝရပ်ဆိုင်းရေး"စသည်တို့ကို ကြွေးကြော်သွားရန် အစီအစဉ်ဆွဲထားကြောင်း သိရသည်။

ဆန်လတ်



# ၂၀၁၇ လှည့်ကြည့်ခြင်း








HKRUM ZUP BAWNGBAN SANG
17-7-2017


သတင်းလွတ်လပ်ခွင့်ရှိရမည်
















STOP DAMING
THE IRRAWADY












H1N1

မြစ်ကြီးနားသတင်းဂျာနယ်

အမှုဆောင်အရာရှိချုပ်
တရန်ဒိုင်၊ ဇော်ခွန်း

တာဝန်ခံ အယ်ဒီတာ
ဆိုင်းမိုင်

အယ်ဒီတာ
ဖြိမ်းပြည့်စုံ

သတင်းထောက်
Salai၊ စည်သူ၊
မွန်းမွန်းပန်၊ အက်စတာ၊
ဆိုင်းထွယ်ဇင်၊ ဆိုင်းလတ်အောင်
ဆန်လတ်၊ ကျော်ကျော်ဦး(ဓဓ)

နယ်သတင်းထောက်
သန်းထွန်းအောင်၊
အောင်ခမ်း(ပူတာအို)

စာပြင်
ဇော်နိုင်ဦး

ကွန်ပျူတာစာစီ
ဝေဝေအောင်၊

သတင်းစာဒီဇိုင်း၊ ဂရပ်ဖစ်ဒီဇိုင်း

Shadau San Awng (L.B.Y)၊
Lau Pung Ning Li Pan

မြစ်ကြီးနားရုံးတာဝန်ခံ
ခိုခိုထက်ခိုင်

ဗန်းမော်ရုံးတာဝန်ခံ
ဆန်ဂျာ
မိုးညှင်းရုံးတာဝန်ခံ
နန်ဂျာ

ပူတာအိုရုံးတာဝန်ခံ
ခွယ်ဇင့်

စာရင်းကိုင်
နန်အောင်၊ ဘောက်နူးဂျာ

စီးပွားရေးတာဝန်ခံ
ဇီဇင်ဖြိုး၊ ဂျာစင်၊ ပေဟမာမင်းညို

ဖြန့်ချိရေးတာဝန်ခံ
ဇော်ထုံ

တန်ဖိုး
၅၀၀ ကျပ်

စလင်
KING

ထုတ်ဝေသူ
ဒေါ်ရွှေယဉ်
မှတ်ပုံတင်အမှတ်- ၀၀၀၀၉(မြ)

ပုံနှိပ်တိုက်
ရွှေကျား (၀၀၅၇၀)

ဆက်သွယ်ရန်
အမှတ် (CR - 8)၊ စီတာပူရပ်ကွက်၊
မြစ်ကြီးနားမြို့၊
ဖုန်း- ၀၇၄ - ၂၅၂၀၀၅
၀၉ - ၂၅၉၀၇၇၄၀၅
၀၉ - ၂၅၆၃၆၀၂၇၄
myitkyinajournal@gmail.com
myitkyinanewsjournal@facebook.com

[illegible]

# အစိုးရသစ်လက်ထက် ကချင်ပြည်နယ်လွှတ်တော်မှတ်တမ်းများ

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလကုန်အထိ မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြမေးခွန်း - ၅၇၄ ခု
၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလကုန်အထိ မေးမြန်းခဲ့သည့် ကြယ်ပွင့်မပြမေးခွန်း - ၆၃ ခု
၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလကုန်အထိ မေးမြန်းတင်ပြခဲ့သည့် အဆို - ၇၁ ခု

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်တွင် ကချင်ပြည်နယ်မှ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြ မေးခွန်း – ၇၆ ခု**

လွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းခဲ့သည့်အဆို - ၁၉ ခု
ပြည်သူ့လွှတ်တော်က အတည်ပြုပေးခဲ့သော အဆို - ၈ ခု

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော်တွင် ကချင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှမေးမြန်းခဲ့သည့် ကြယ်ပွင့်ပြမေးခွန်း – ၈၃ ခု**

ကချင်ပြည်နယ်မှ လွှတ်တော် ကိုယ်စားလှယ်များ တင်သွင်းခဲ့သည့် အဆို - ၈ ခု
အမျိုးသားလွှတ်တော်က အတည်ပြုပေးခဲ့သော အဆို - ၃ ခု

**ကချင်ပြည်နယ် လွှတ်တော်တွင် မေးခွန်း/အဆို အများဆုံး မေးမြန်း/တင်သွင်းခဲ့သည့် လွှတ်တော်ကိုယ်စားလှယ် ၅ ဦးမှာ**

| | | |
|---|---|---|
| ၁။ ဦးတင်ဦးယု | ရွှေကူမြို့နယ် အမှတ် ၁ မဲဆန္ဒနယ် | မေးခွန်း/အဆို - ၅၇ ခု |
| ၂။ ဦးကျော်ကျော်ဝင်း | မိုးညှင်းမြို့နယ် အမှတ် ၂ မဲဆန္ဒနယ် | မေးခွန်း/အဆို - ၅၆ ခု |
| ၃။ ဦးနော်လီ | ပိုင်းမော်မြို့နယ် အမှတ် ၂ မဲဆန္ဒနယ် | မေးခွန်း/အဆို - ၅၅ ခု |
| ၄။ ဦးအောင်သင်း | ဗန်းမော်မြို့နယ် အမှတ် ၁ မဲဆန္ဒနယ် | မေးခွန်း/အဆို - ၄၉ ခု |
| ၅။ ဦးဇော်ဝင်း | တနိုင်းမြို့နယ် အမှတ် ၂ မဲဆန္ဒနယ် | မေးခွန်း/အဆို - ၄၈ ခု |

**ကချင်ပြည်နယ်လွှတ်တော်တွင် မေးခွန်း/အဆို အနည်းဆုံးတင်သွင်းသူ (၅) ဦး**

| | | |
|---|---|---|
| ၁။ ဦးအေးမင်း | မံစီမြို့နယ် အမှတ် ၂ မဲဆန္ဒနယ် | မေးခွန်း/အဆို ၄ ခု |
| ၂။ ဒေါ်မရန်ဂျာဆိုင်းခေါန် | အင်ဂျန်းယန်မြို့နယ် အမှတ် ၂ မဲဆန္ဒနယ် | မေးခွန်း/အဆို ၉ ခု |
| ၃။ ဦးရွှေလေး | ခေါင်လန်ဖူးမြို့နယ် အမှတ် ၁ မဲဆန္ဒနယ် | မေးခွန်း/အဆို ၉ ခု |
| ၄။ ဦးဇခုန်ယိန်းဆောင် | ချီဖွေမြို့နယ် အမှတ် ၂ မဲဆန္ဒနယ် | မေးခွန်း/အဆို ၁၀ ခု |
| ၅။ ဒေါ်လွမ်းလမ်း | ဆော့လော်မြို့နယ် အမှတ် ၁ မဲဆန္ဒနယ် | မေးခွန်း/အဆို ၁၂ ခု |

**ကချင်ပြည်နယ်လွှတ်တော်တွင် မေးခွန်း/အဆို လုံးဝမတင်သွင်း/မမေးမြန်းသူ**

| | | | |
|---|---|---|---|
| ၁။ ဦးလဂွန်ဝင်ဆိုင်း | တနိုင်းမြို့နယ် အမှတ် ၁ မဲဆန္ဒနယ် | မေးခွန်း/အဆို | ၀ ခု |

**တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ၁၃ ဦးအနက်မှ ၃ ဦးမှာ မေးခွန်း ၄ ခုနှင့် အဆို ၁ ခု တင်သွင်းခဲ့သည်။ ၎င်းတို့ ၃ ဦးမှာ**

| | | | |
|---|---|---|---|
| ၁။ ဗိုလ်မှူး အောင်ဆန်းဝင်း | တပ်မတော်သားကိုယ်စားလှယ် | မေးခွန်း/အဆို | ၃ ခု |
| ၂။ ဗိုလ်မှူး မျိုးသူအောင် | တပ်မတော်သားကိုယ်စားလှယ် | မေးခွန်း/အဆို | ၁ ခု |
| ၃။ ဗိုလ်မှူး လှိုင်ဖြိုးဝေ | တပ်မတော်သားကိုယ်စားလှယ် | မေးခွန်း/အဆို | ၁ ခု |

ကျော်ကျော်ဦး (ဓဓ)

# သေနတ်ကျည်ဆံထိမှန် သေဆုံးသူကို ကျပ် ၅ သိန်းပေးအပ်

ဇန်နဝါရီ ၉

အပေါ့်အလေးစွန့်ရန် တောတိုးသွားစဉ် သေနတ်ကျည်ဆံထိမှန်သေဆုံးသွားခဲ့သော ဦးယော်ထုံ၏ ကျန်ရှိသည့် မိသားစုများကို နစ်နာကြေးအဖြစ် ခလရ ၂၅၅ က ငွေကျပ် ၅ သိန်း ပေးခဲ့ကြောင်း သိရသည်။

ဦးယော်ထုံသည် ဇန်နဝါရီလ ၂ ရက် နံနက် ၆ နာရီခန့်က ၎င်း၏အိမ်အနီးတွင်ရှိသော တောထဲသို့ သွားစဉ် ကျည်ဆံထိမှန်သေဆုံးသွားခဲ့ခြင်းဖြစ်ပြီး ထိုဖြစ်စဉ်ကြောင့် ကျန်ရစ်ခဲ့သည့် မိသားစုကို အသုဘနာရေးလုပ်ဆောင်ရန် ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း ဒေသခံ သင်းထောက်တစ်ဦးဖြစ်သော ဦးယောဟန်က ပြောသည်။

"သေဆုံးသွားတဲ့ ဦးယောထုံရဲ့ ရက်လည်ပြီးသွားရင် သူ့ရဲ့ကျန်ခဲ့တဲ့ မိသားစုတွေက သူသေသွားတာနဲ့ ပတ်သက်ပြီးတရားမျှတမှုရှိအောင်ဆက်ပြီး လုပ်သွားဖို့ ပြင်ဆင်နေတယ်။ ၉ ရက်နေ့က ရက်လည်ဆိုတော့ သူ့မိသားစုတွေက လောလောဆယ် အဲဒါနဲ့အလုပ်ရှုပ်နေလို့"ဟု ဦးယောဟန်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ရှင်းပြသည်။

ခလရ ၂၅၅ မှ ကင်းပုန်းဝပ်နေသော တပ်သားများက အခင်းကြီးစွန့်ရန် တောတိုးခဲ့သော ဦးယောဟန်အား ရန်သူအထင်ဖြင့် သေနတ်ဖြင့်ပစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆန်လတ်

# တပ်မတော်က လက်နက်ကြီးများ ပစ်ခတ်မှုကြောင့် စစ်ရှောင်များ ပုံးခိုကျင်းများ တူးနေရ



ကေအိုင်အိုထိန်းချုပ်နယ်မြေရှိ စစ်ပြေးဒုက္ခသည်များ လက်နက်ကြီးရန်မှ ကာကွယ်ရန် ပုံးခိုကျင်းများ ပြုလုပ်နေ ဓါတ်ပုံ - Hkun Li

ဇန်နဝါရီ ၈

ကေအိုင်အေ၏ ပဟိုဌာနချုပ်ဖြစ်သော လိုင်ဇာတွင် မြန်မာ့တပ်မတော်က လက်နက်ကြီးများဖြင့် ပစ်ခတ်နေမှုကြောင့် စစ်ဘေးတိမ်းရှောင်ပြည်သူများမှာ ပုံးခိုကျင်းများ တူး၍ နေထိုင်နေရကြောင်း သိရသည်။

တပ်မတော်ဘက်မှ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းကြောင့် စစ်ရှောင်စခန်းများဖြစ်သည့် မုန်လိုင်ခက် စစ်ရှောင်စခန်း၊ ဝေကြိုင်စခန်းနှင့် မြို့တွင်းရှိ ဆွေမျိုးနေအိမ်များတွင် ပြောင်းရွှေ့နေထိုင်ကြသူများလည်းရှိသည်ဟု လိုင်ဇာဒေသခံများ၏ ပြောကြားချက်အရ သိရသည်။

"စစ်ရှောင်စခန်းမှာ နေရာမလောက်လို့ မြို့တွင်းမှာရှိတဲ့ ဆွေမျိုးတွေရဲ့ခြံတွေမှာ နေတဲ့ စစ်ရှောင်တွေကလည်း ပုံးခိုကျင်းတွေ တူးထားရတယ်။ ကျွန်မတို့ လိုင်ဇာမြို့တွင်းမှာနေတဲ့သူတွေကိုတော့ အခု လဆန်းပိုင်းကတည်းက တူးခိုင်းတယ်။ တချို့ကတော့ တူးထားပြီးကြပေမယ့်တချို့ကတော့ အခုချိန်ထိ မတူးရသေးဘူး"ဟု ဒေသခံဒေါ်အဆိုင်းက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ပုံးခိုကျင်းများကို မုန်လိုင်ခက် စစ်ရှောင်စခန်းတွင် ဒီဇင်ဘာလ ၂၆ ရက်မှ ၂၈ ရက်အထိ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

"ပုံးခိုကျင်းတွေ လုပ်ပြီးနောက်တစ်နေ့ ၂၉ ရက်နေ့ကနေ ၃၀ ရက်နေ့အထိ စခန်းပတ်ပတ်လည်မှာ လက်နက်ကြီးတွေ ဆက်တိုက်ကျတာ ၅ ကြိမ်လောက် ရှိတယ်" ဟု ဝေကြိုင်စစ်ရှောင်စခန်းမှ စခန်းတာဝန်ခံ ဦးဆိုင်းနော်က ပြောသည်။

အဆိုပါ လက်နက်ကြီးများသည် ခယာဘွမ်၊ ဖုန်ပရန်ဘွမ်နှင့် လိုင်ဇာအနီးတွင်ရှိသည့် တပ်စခန်းများမှ ပစ်ခတ်လာခြင်းဖြစ်ကြောင်း သိရသည်။

လဖိုင်လု


## ၂၀၁၇ ခုနှစ်တွင် တိုက်ပွဲပေါင်း ၂၆၀ ခန့်ဖြစ်ပွား

၂၀၁၇ ခုနှစ်တွင်တိုက်ပွဲအကြိမ်ရေပေါင်း ၂၆၀ ခန့် ဖြစ်ပွားခဲ့ကြောင်း ကေအိုင်အေသတင်းနှင့် ပြန်ကြားရေးဌာနမှ သိရသည်။

တပ်မတော်နှင့် ကေအိုင်အေ တပ်ဖွဲ့အကြား ဖြစ်ပွားခဲ့သည့်တိုက်ပွဲများနှင့်ပတ်သက်၍ ပုံးကျဲပစ်ခတ်မှု၊ လေယာဉ်များဖြင့် ပစ်ခတ်မှု၊ လူနေအိမ်များ ပျက်စီးမှု၊ မြေမြှုပ်မိုင်းကြောင့် ထိခိုက်ဒဏ်ရာရရှိမှုအစရှိသည့် နှစ်ချုပ်စာရင်းများကို လာမည့်သောကြာနေ့ ဇန်နဝါရီ ၁၉ ထုတ် မြစ်ကြီးနားသတင်းဂျာနယ် အတွဲ(၅)၊ အမှတ်(၂) တွင် ဆက်လက်ဖော်ပြပေးသွားပါမည်။





## ကချင်ပြည်နယ်နှစ်အလိုက်အောင်ချက်ရာခိုင်နှုန်း




| | 2011 - 2012 | 2012 - 2013 | 2013 - 2014 | 2014 -2015 | 2015 - 2016 | 2016 - 2017 |
|---|---|---|---|---|---|---|
| စာရင်းရှိ | 20772 | 22730 | 24971 | 27400 | 28674 | 32847 |
| ဖြေဆို | 19081 | 20845 | 23010 | 25787 | 27192 | 30637 |
| အောင်မြင် | 7283 | 9129 | 6577 | 8138 | 8088 | 9207 |
| အောင်ချက်ရာခိုင်နှုန်း | 38.17 | 43.79 | 28.58 | 31.56 | 29.74 | 30.05 |

## ၂၀၁၇ ကချင်ပြည်နယ် မှုခင်း



## ၂၀၁၇ခုနှစ် ကချင်ပြည်နယ်၏ ဆရာ/မအင်အားပြအခြေအနေ



| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | 94 | 124 | 1217 | 1887 | 95 | 3675 | 124 | 1819 | 6177 |
| | 89 | 104 | 1040 | 1562 | 28 | 3405 | 26 | 1667 | 5895 |
| | 5 | 20 | 177 | 325 | 67 | 270 | 98 | 152 | 282 |

## ၂၀၁၇ ခုနှစ်အတွင်း ကချင်ပြည်နယ်၌ ဖြစ်ပွားခဲ့သည့် ရောဂါနှင့် ဖြစ်ပွားသူ / သေဆုံးသူဦးရေ

ကချင်ပြည်နယ်တွင် ရာသီတုပ်ကွေးရောဂါ $H_1N_1$ ဖြစ်ပွားခဲ့သူ ၂ ဦး ရှိပြီး ထိုရောဂါကြောင့် သေဆုံးခဲ့သူ မရှိကြောင်း သိရသည်။

၂၀၁၇ ခုနှစ် အတွင်း ကချင်ပြည်နယ်၌ ဖြစ်ပွားခဲ့သောရောဂါ (သွေးလွန်တုပ်ကွေး၊ ငှက်ဖျား၊ HIV၊ $H_1N_1$၊ ဂျပန်ဦးနှောက်ရောင်) များနှင့်ပတ်သက်၍ ဖြစ်ပွားခဲ့သော လူနာဦးရေ၊ ထိုရောဂါများကြောင့် သေဆုံးခဲ့သူဦးရေ ကိန်းဂဏန်း အချက်အလက်များကို သိရှိနိုင်ရန် မြစ်ကြီးနားသတင်းဂျာနယ်က မေးမြန်းခဲ့သော်လည်း သက်ဆိုင်ရာဌာနများက ပြန်လည်ဖြေကြားခြင်း မရှိခဲ့သည့်အတွက် ဖော်ပြနိုင်ခြင်းမရှိကြောင်း စာဖတ်ပရိသတ်များအား တင်ပြလိုက်ပါသည်။



# အစိုးရသက်တမ်း ၂ နှစ်အတွင်း ဖားကန့်အရေး လွှတ်တော်ထဲမရောက်သေး



လုပ်ကွက်အတွင်း ဝင်ရောက်ရှာဖွေကြရသည့် ရေမဆေးသမားများ ဓါတ်ပုံ - စည်သူ(မြစ်ကြီးနား)

ဇန်နဝါရီ ၇

ကမ္ဘာကျော်ကျောက်စိမ်းတွေထွက်ရှိနေတဲ့ မြန်မာနိုင်ငံထဲကဖားကန့်ဒေသမှာ အကျင့်ပျက်ခြစားမှုတွေ၊ မြေစာပုံပိလို့သေဆုံးမှုတွေ၊ပျက်စီးနေတဲ့ သဘာဝပတ်ဝန်းကျင်တွေကို အတိုင်းသားတွေ့မြင်နေရပါတယ်။

ဖားကန့်ဒေသမှာဖြစ်ပေါ်နေတဲ့ အခြေအနေမှန်တွေကို ပြည်ထောင်စုအစိုးရအဖွဲ့တွေ၊ ပြည်နယ်အစိုးရအဖွဲ့တွေ သိပြီးပြုပြင် ပြောင်းလဲရေးလုပ်ငန်းတွေ လုပ်ဆောင်နိုင်အောင် လွှတ်တော်တွေကနေ တစ်ဆင့် တင်ပြမှုတွေလုပ်စေချင်တယ်လို့ ဒေသခံတွေက ပြောပါတယ်။

ဒါပေမယ့် အစိုးရသစ်ရဲ့ သက်တမ်းတစ် နှစ်ကျော်ကာလအတွင်းမှာတော့ ဖားကန့်ဒေသက လွှတ်တော်အမတ်တွေက သက်ဆိုင်ရာလွှတ်တော်တွေထဲကို ဖားကန့်ဒေသမှာဖြစ်ပါနေတဲ့ အကြောင်းအရာတွေနဲ့ပတ်သက်ပြီး အဆိုတင်သွင်းမှု၊ မေးခွန်း မေးမြန်းမှုတွေ အားနည်းနေတာကို မှတ်တမ်းတွေမှာ တွေ့နေရပါတယ်။

ဖားကန့်မြို့နယ်ကိုယ်စားပြုအနေနဲ့ အမျိုးသားလွှတ်တော်မှာ ဦးချို(ခ)ဦးခင်မောင်မြင့်၊ ပြည်သူ့လွှတ်တော်မှာ ဦးတင့်စိုး၊ ပြည်နယ်လွှတ်တော်မှာ ဦးHလအောင်နဲ့ ဦးဒါရှီလဆိုင်းတို့ရှိကြပါတယ်။ သူတို့ထဲက ဦးအိတ်ချ်လအောင်ကတော့ ပြည်နယ်အစိုးရရဲ့ သယံဇာတနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးပါ။

သူတို့ လေးဦးထဲမှာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဒါရှီလဆိုင်းက အဆိုနှစ်ခုတင်သွင်းထားကြောင်းသိရပြီး အဲဒီအဆိုတွေက ဖားကန့်မြို့နယ်မှာ အဆင့်မြင့်အားကစားကွင်းကြီးတည်ဆောက်ပေးဖို့နဲ့ ဆိပ်မူ-တာမခံ-ဟောင်ပါး-ဆယ်ဇင်းလမ်းကို ကတ္တရာလမ်းခင်းပေးဖို့ ကိစ္စတွေလို့သိရပါတယ်။

ယင်းအဆိုတွေအပြင်ကြယ်ပွင့်ပြမေးခွန်းတွေ အနေနဲ့လည်း မေးမြန်းခဲ့တာတွေရှိတယ်လို့ ဦးလဆိုင်းကပြောပါတယ်။

လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ အဆိုတွေမည်သို့ပင် တင်သွင်းနေစေကာမူ သက်ဆိုင်ရာတာဝန်ရှိသူတွေက လက်ခံဆောင်ရွက်ပေးမှသာအဆင်ပြေချောမွေ့မှာဖြစ်တာကြောင့် အချို့ကိစ္စရပ်တွေမှာ လွှတ်တော်ကို တင်သွင်းနေမယ့်အစား မျက်နှာချင်းဆိုင်ဖြေရှင်းလိုက်တာကပိုပြီးအဆင်ပြေတယ်လို့လည်း ဦးဒါရှီလဆိုင်းကသုံးသပ်ပြောဆိုပါသေးတယ်။

"ကျွန်တော်တို့က ဘယ်လောက်ပဲတင်တင် အစိုးရအဖွဲ့တွေက လိုက်မလုပ်ရင်တော့ ခက်တယ်။ အဲဒါဆိုတော့ တင်ရမှာတောင်မတင်ချင်တော့သလိုဖြစ်လာတယ်။ ဝန်ကြီးတွေက နယ်မြေကို ကွင်းဆင်းလေ့လာမှု အားနည်းတဲ့အခါကျတော့ ကိုယ်စားလှယ်တွေအနေနဲ့ အားမလိုအားမရဖြစ်တယ်လေ။ ကျွန်တော်တို့လုပ်ချင်တဲ့စီမံကိန်းတွေကို တိုက်ရိုက်သွားတွေ့ပြီး လုပ်လိုက်ရင် တောင်မြန်တယ်"လို့ ဦးဒါရှီလဆိုင်းက မြေပြင်အခြေအနေနဲ့ လွှတ်တော်တွင်းလုပ်ကိုင်ရတဲ့ အခက်အခဲကိုပြောပြပါတယ်။

ဖားကန့်မြို့နယ်ရဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးတင့်စိုးနဲ့အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးခင်မောင်မြင့်ကတော့ဖားကန့်ဒေသရဲ့ အခြေအနေတွေနဲ့ပတ်သက်ပြီး သက်ဆိုင်ရာ လွှတ်တော်တွေမှာယနေ့အချိန်ထိ အဆိုတင်သွင်းထားခြင်း မရှိသေးတာကို လွှတ်တော်မှတ်တမ်းတွေမှာ တွေ့ရပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင့်စိုးကတော့ မြေပြင်အခြေအနေတွေမှာ ပြည်သူတွေရဲ့လိုအပ်ချက်တွေကို လက်တွေ့ကွင်းဆင်းဆောင်ရွက်နေရတာဖြစ်လို့ အဆိုတင်နိုင်သေးခြင်း မရှိသေးတာဖြစ်တယ်လို့ ဆိုပါတယ်။

သို့ပေမယ့်သူ့အနေနဲ့လွှတ်တော်မှာထောက်ခံဆွေးနွေးခဲ့တာတွေတော့ရှိခဲ့ပါတယ်လို့ မြစ်ကြီးနားသတင်းဂျာနယ်ကို ပြောပြပါတယ်။

"ကျွန်တော်အဆိုတွေဘာတွေမတင်ဘူး။ လက်တွေ့မှာပဲ သက်ဆိုင်ရာတွေနဲ့ ညှိနှိုင်းဆောင်ရွက်တာတွေပဲရှိတယ်။ ကျွန်တော်နဲ့ တနိုင်းပြည်သူ့လွှတ်တော်အမတ်တွေ တိုင်ပင်ပြီးတင်တာရှိပါတယ်။ ကျွန်တော်တစ်ယောက်တည်းအတွက်ကတော့မတင်ပါဘူး။ သူများနဲ့တိုင်ပင်ပြီး တင်ပြီးတော့ ထောက်ခံဆွေးနွေးတာတော့ ရှိပါတယ်"လို့ဦးတင့်စိုးကပြောပါတယ်။

ဒေသခံပြည်သူလူထုတွေအနေနဲ့ကတော့ ကျောက်မျက်တူးဖော်ရေးကုမ္ပဏီကြီးတွေရဲ့ မရပ်မနားတူးဖော်နေမှုကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုရဲ့နောက်ဆက်တွဲဆိုးကျိုး ရေကြီး၊ မြေပြိုတာတွေကိုရင်ဆိုင်နေရတာရယ်၊ကျောက်စိမ်းက ရရှိလာတဲ့ ဝင်ငွေတွေကို ခံစားခွင့်မရှိတာရယ်ကြောင့် အစိုးရက ဝန်းဝိုင်းထိန်းသိမ်းတားဆီးဖို့ မှန်ကန်တဲ့ သယံဇာတ တူးဖော်မှုတွေ၊ ခွဲဝေသုံးစွဲမှုတွေ ဖြစ်လာဖို့ လွှတ်တော်ကိုယ်စားလှယ်တွေကို အားကိုးမျှော်လင့်နေကြတာပါ။

ကချင်ပြည်နယ်ဝန်ကြီးချုပ်ရဲ့ ၂၀၁၇ မတ်လ ၁၀ ရက်က မြန်မာ့အသံနဲ့ရုပ်မြင်သံကြားမှာတင်ပြခဲ့တဲ့ အစိုးရသစ် တစ်နှစ်တာဆောင်ရွက်ချက်ထဲမှာ ကချင်ပြည်နယ် ဖားကန့်ဒေသနဲ့ မော်ဟန်ဒေသကနေ ငွေကျပ် ၆၅ ဘီလီယံကျော်တန်ဖိုးရှိတဲ့ ကျောက်မျက်ရတနာ တန်ချိန်ပေါင်း ၂၅၀၀၀ နီးပါးတူးဖော်ခဲ့တယ်လို့ ဆိုပါတယ်။ ရတဲ့ရတနာခွန်ကတော့ ၂၀၁၆-၁၇ မှာ ငွေကျပ် ၁၂ ဒသမ ၉၇ ဘီလီယံကျော်ရှိတယ်လို့ ပြောပါတယ်။

တရားမဝင်လမ်းကြောင်းကနေ တရုတ်ပြည်နဲ့မြန်မာနိုင်ငံပြည်မထဲကို နေ့စဉ်နဲ့အမျှ ခိုးထုတ်နေကြတဲ့ ကျောက်မျက်တွေက ဘယ်အတိုင်းအတာရှိတယ်ဆိုတာကိုတော့ တရုတ်ပြည် ရွှေလီ၊ ယင်ကျန်း၊ ကျယ်ဂေါင်ဆိုတဲ့ မြို့တွေနဲ့ မန္တလေးမြို့တို့က ကျောက်ပွဲစားတန်းတွေကို ရောက်ဖူးသူတိုင်း သိပါတယ်။ ဒါပေမယ့် တစ်နှစ်တာဆောင်ရွက်ချက်ထဲမှာ တရားမဝင်သယ်ဆောင်တဲ့ ကျောက်စိမ်းတန်ချိန် ၉၀ ဖမ်းဆီးနိုင်ခဲ့တယ်လို့ ဒေါက်တာခက်အောင်က ပြောပါတယ်။

ဝန်ကြီးဦးလအောင်ကတော့ ၂၀၁၇ ခုနှစ် မြန်မာ့ကျောက်မျက်ရတနာဥပဒေနဲ့ နည်းဥပဒေကို အတည်ပြုပြဋ္ဌာန်းပြီးတာနဲ့ ဖားကန့်နယ်မြေမှာလက်လုပ်လက်စားလုပ်ကွက်တွေကို လုပ်ကိုင်ခွင့်ပေးသွားမယ်လို့ မနှစ်က နှစ်လယ်ပိုင်းလောက်မှာ ပြောထားပါတယ်။

သို့ပေမယ့် ဒေသခံတွေ ခန့်မှန်းပြီး တွေးပူနေကြတာက ကျောက်မျက်နည်းဥပဒေထွက်မယ့်ရက်နဲ့ ဖားကန့်တောင်တွေ ကုန်မယ့်နေ့က တစ်ရက်တည်းများ ဖြစ်နေမလားဆိုတာပဲ ဖြစ်ပါတယ်။

စည်သူ(မြစ်ကြီးနား)

## Editorial
## အယ်ဒီတာ့အာဘော်

### မငြိမ်းချမ်းခဲ့သော ငြိမ်းချမ်းရေးနှစ်

ငြိမ်းချမ်းရေးနှစ်လို့ အစိုးရသစ်က ပြောခဲ့တဲ့ ၂၀၁၇ ခုနှစ်ကို ကချင်ပြည်နယ်ကြီးမှာ သေနတ်သံ၊ ဗုံးသံတွေတညံညံနဲ့ ဖြတ်သန်းခဲ့ကြပါပြီ။ အစိုးရသစ်ကို အားမလိုအားမရအသံတွေ တစာစာအော်ရင်းနဲ့ပဲ ၂၀၁၈ ဆိုတဲ့ နှစ်သစ်ကြီးကို ရောက်ရှိခဲ့ပါပြီ။

ကချင်ပြည်နယ်သားတွေအဖို့ ၂၀၁၇ ခုနှစ်ဟာ ပျော်စရာကောင်းတဲ့ နှစ်တစ်နှစ်တော့မဟုတ်ခဲ့ပါဘူး။လု ယက်မှုတွေ၊ လူသတ်မှုတွေ ပွက်ပေါက်နေလို့ ညရေးညတာမြို့ထဲသွားဖို့တောင် မဝံ့မရဲဖြစ်ရတဲ့နှစ် တစ်နှစ်ပါ။ အရင်နှစ်တွေကထက် တရားဥပဒေစိုးမိုးမှု မရှိတဲ့နှစ်လို့ဆိုရမှာပါ။

အဆိုးဆုံးက ကမ္ဘာကျော်ကျောက်စိမ်းတွေထွက်တဲ့ ဖားကန့်နဲ့ ကချင်ပြည်နယ်ရဲ့မြို့တော် မြစ်ကြီးနားမှာပါ။ မြစ်ကြီးနားမှာ အိမ်ထဲဝင်ပြီး ဓားနဲ့အချက်ပေါင်းများစွာ ထိုးသတ်မှုတွေ မင်းမဲ့စရိုက်ဆန်ဆန် သတ်ဖြတ်မှုတွေ ဖြစ်ခဲ့တယ်။

ဖားကန့်မှာတော့ ဓားလက်နက်ထက်အဆင့်မြင့်တဲ့ သေနတ်နဲ့ ပစ်ခတ်မှုတွေ ဖြစ်ခဲ့တယ်။ ကျောက်မျက်ကုမ္ပဏီတွေက နည်းဥပဒေမထွက်မီ နေ့မအား၊ ညမနား အလွန်အကျွံတူးဖော်နေတာကြောင့် သဘာဝပတ်ဝန်းကျင်တွေ တစ်နေ့ထက်တစ်နေ့ ပိုမိုထိခိုက်ပျက်စီးတာတွေဖြစ်ပြီး ရေကြီးတာတွေ၊ မြေစာပုံပြိုကျတာတွေ အကြိမ်ကြိမ်ဖြစ်ခဲ့ပါတယ်။ မြေစာပုံတွေပြိုကျလို့ မိဘဆွေမျိုးတွေကိုခွဲခွာပြီးစီးပွားလာရှာတဲ့ပြည်သူတွေ သေဆုံးခဲ့ရတယ်။ ဒီနှစ်ဦး ဆယ်ရက်အတွင်းလေးတင် ဖားကန့်မှာ မြေစာပုံပြိုမှု သုံးခါဖြစ်ပြီး လူဆယ်ယောက်ကျော် သေဆုံးခဲ့ရတယ်။

ဒါပေမယ့် ဒီလောက်ဆိုးရွားနေတဲ့ ဖားကန့်ရဲ့အခြေအနေတွေက လွှတ်တော်ကိုယ်စားလှယ်တွေကို စိတ်ဝင်စားအောင် ဆွဲဆောင်နိုင်ခြင်းမရှိခဲ့လို့လားမသိ။ လွှတ်တော်တွေထဲမှာ ဖားကန့်ပြဿနာတွေနဲ့ ပတ်သက်ပြီး အသံတွေမကြားကြရပါဘူး။

မြစ်ကြီးနားမှာလုယက်မှုတွေ များလာတာနဲ့ ပတ်သက်လို့တော့ အင်ဂျန်းယန်လွှတ်တော်အမတ် ဒေါ်ဂျာဆိုင်းခွန် မေးခွန်းမေးလို့ ကြားလိုက်ရပါသေးတယ်။ တရားဥပဒေစိုးမိုးမှုက ကချင်ပြည်နယ်ကို ဘယ်တော့မှ များရောက်ရှိလာမယ် မသိရသေးပါ။ ဘယ်တော့ ရောက်လာမယ်မှန်းမသိနိုင်တဲ့ ငြိမ်းချမ်းရေးနဲ့အတူ အိမ်ပြန်နေ့ကို စောင့်မျှော်နေကြတဲ့ စစ်ဘေးဒဏ်သင့်ပြည်သူတွေကလည်း တစ်စထက်တစ်စခက်ခဲလာတဲ့ နေ့စဉ်ဘဝကို တစ်နှစ်ပြီးတစ်နှစ်ဖြတ်သန်းရင်း အသက်တွေကြီးလာနေလို့ စိတ်ညစ်နေကြပါပြီ။ ပိုင်ဆိုင်မှုတွေ ဘာမှမရှိ တော့တဲ့ အိမ်ကိုပြန်ကြဖို့ ဘာပိုင်ဆိုင်မှုမှမရှိတဲ့ ဒုက္ခသည်စခန်းတွေမှာ နေ့စဉ်စောင့်မျှော်နေကြရှာတယ်။

ဖားကန့်က ပြည်သူတွေက တစ်ပိုင်တစ်နိုင်ကျောက်လုပ်ကွက်လေးတွေရဖို့ စောင့်မျှော်နေကြတယ်။ မြစ်ကြီးနားကပြည်သူတွေက ညဘက်မှာ နောက်ကျောလုံလုံနဲ့ ဆိုင်ကယ်စီးသွားလာချင်ကြတယ်။ တစ်ပြည်နယ်လုံးက ပြည်သူတွေက ငြိမ်းချမ်းရေးဆိုတာကို စကားလုံးတစ်ရပ်အနေနဲ့မဟုတ်ဘဲ တကယ်တမ်းငြိမ်းချမ်းတဲ့ ပြည်နယ်ကြီး ဖြစ်ချင်နေကြတယ်။

၂၀၁၈ ခုနှစ်မှာ သူတို့တတွေ အားလုံးဆန္ဒပြည့်ဝကြမှာလား။ ၂၀၁၈ ခုနှစ်မှာ တရားဥပဒေတွေ စိုးမိုးပြီး ညဘက်မှာ ပြည်သူတွေ လွတ်လွတ်လပ်လပ်သွားလာလို့ ရနိုင်မလား။ ၂၀၁၈ မှာ သေနတ်သံတွေရပ်စဲပြီး တိုင်းရင်းသားလက်နက်ကိုင်တွေနဲ့ အစိုးရတို့ စားပွဲဝိုင်းမှာ မျက်နှာချင်းဆိုင် ချစ်ကြည်ရေးစကားတွေ ပြောကြမလားဆိုတာကတော့ စောင့်ကြည့်ရမှာဖြစ်ပြီး စာဖတ်ပရိသတ်ကြီးလည်း ၂၀၁၈ ခုနှစ်မှာ မိမိတို့ဖြစ်ချင်တဲ့ ဆန္ဒတွေနဲ့ လက်တွေ့ဘဝ တစ်ထပ်တည်းကျနိုင်ကြပါစေကြောင်း နှစ်သစ်ဦးမှာ မြစ်ကြီးနားသတင်းဂျာနယ်က ဆုမွန်ကောင်းတောင်းပေးလိုက်ရပါတယ်။

မြစ်ကြီးနားသတင်းဂျာနယ်

မြစ်ကြီးနားသတင်းဂျာနယ်
(ဇန်နဝါရီ ၁၂ - ဇန်နဝါရီ ၁၈၊ ၂၀၁၈ )

## ၄ နှစ် မြစ်ကြီးနား၊ သတင်းဂျာနယ်

"မြစ်ကြီးနားသတင်းဂျာနယ် ၄ နှစ်ပြည့်အထူးထုတ်အတွက် စာမရေးပေးချင်ဘူးလား"

အဲဒီလိုစကားကို ပြောလာတဲ့သူက မြစ်ကြီးနာသတင်းဂျာနယ်က စာစီစာရိုက်ကောင်မလေးတစ်ယောက်။ မိတ်ဆွေသူငယ်ချင်းတွေလို၊ မောင်တွေနှမတွေလို ခင်မင်ခဲ့ရသူ။ ပြောမနာဆိုမနာတွေ။ သူက ဝေဝေ။

ကျွန်တော် ဘာရေးရမယ် မသိပါ။

ပထမဆုံးသတိရလိုက်တာက ဆရာတင်နွမ်းလွင်။ အခု တော့ သူ မရှိရှာလေတော့။

### အလွမ်းတချို့

မြစ်ကြီးနားသတင်းဂျာနယ်ထွက်ရက်ဖြစ်တဲ့ သောကြာနေ့တွေမှာ စာမူခအတူထုတ်၊ မြို့ထဲကလက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ၊ ဒါမှမဟုတ် အင်ကြင်းကဖေးမှာ။ အကြော်ဆိုင်လေးတစ်ဆိုင်မှာ မြစ်ကြီးနားသတင်းဂျာနယ်ရဲ့ အားသာချက် အားနည်းချက်တွေ ဝေဖန်ကြ၊ အကြံပြုကြ။ သူက မြစ်ကြီးနားသတင်းဂျာနယ်ရဲ့ စာတည်းမှူး။

နောက်ပြီး သတိရလိုက်တာက မြစ်ကြီးနားသတင်းဂျာနယ်အယ်ဒီတာကြီး မဆိုင်းမိုင်။

### လွန်ခဲ့တဲ့လေးနှစ်တာ

မြစ်ကြီးနားသတင်းဂျာနယ် ထုတ်ဝေမယ်ကြားတော့ ဘယ်သူတွေထုတ်မယ်ဆိုတာ မသိခဲ့ရပါ။ နောက်တော့ မဆိုင်းမိုင်က မြစ်ကြီးနားမှာရှိတဲ့ ဥတ္တရလမင်းစာပေထုတ်ဝေရေးမှ အန်ကယ်ကြီးဦးသန်းဆွေကတစ်ဆင့် ကျွန်တော်နဲ့ ချိတ်ကိမိတယ်။ အဲဒီတုန်းက မြစ်ကြီးနားသတင်းဂျာနယ်တိုက်က အန်ကယ်ကြီးဦးသန်းဆွေတို့ရဲ့ မြို့သစ်ထဲမှာ။ မြစ်ကြီးနားသတင်းဂျာနယ်မှာ စာမူတွေရေးပေးစေချင်ကြောင်း၊ ဘယ်စာမူရေးရေး ရေးပေးစေချင်ကြောင်း မဆိုင်းမိုင်ကပြောတော့ ကျွန်တော်က ရေးချင်တာရေးမှာနော်လို့ ပြန်ပြောခဲ့တာအမှတ်ရမိတယ်။

### သံယောဇဉ်

မြစ်ကြီးနားသတင်းဂျာနယ်စထွက်ပြီး အတွဲ ၁၊ အမှတ် ၃ မှာ ကျွန်တော်ဆောင်းပါး စရေးတယ်။ အတွဲ ၄ မှာ တုတ်ထိုးအိုးပေါက် ဂျာနယ်စကားဝိုင်းကို ကျွန်တော်ရေးခဲ့တယ်။ နေ့စဉ်သတင်းဂျာနယ်တွေဖတ်ပြီး သရော်စာပုံစံမျိုး၊ ဆွေးနွေးခန်းလိုမျိုး၊ အတင်းတွေရော အဖျင်းတွေရော၊ အပြင်းတွေရော ကျွန်တော်ရေးပေးဖြစ်ခဲ့ပါတယ်။

အဲဒီတုန်းက ဦးသိန်းစိန်အစိုးရလက်ထက်မှာ။ ရေးရတာ လက်ထိပ်စော်နံခဲ့တာ အမှန်ပါပဲ။ တစ်ခါတရံ တုတ်ထိုးအိုးပေါက် ဂျာနယ်စကားဝိုင်းက ရယ်စရာတွေ ပါတယ်။ တစ်ခါတရံ ဒေါသသင့်စရာတွေပါ ပါတယ်။ ဒါပေမဲ့ ပြည်သူ့ဘက်ကရပ်တည်ပြီး ရေးခဲ့တာပါပဲ။ ကြိုက်သူတွေရှိသလို မကြိုက်သူတွေလည်း ရှိခဲ့တာပါပဲ။ အနာရှိသူတွေကတော့ စပ်ကြတာပါပဲ။ ဒါပေမဲ့ တုတ်ထိုးအိုးပေါက် ဂျာနယ်စကားဝိုင်းက စာဖတ်ပရိသတ်တွေ နှစ်သက်လက်ခံတဲ့ စာမျက်နှာဖြစ်ခဲ့ကြောင်း သတင်းစကားတွေကြားရတော့ ကျွန်တော် ပျော်ပါတယ်။

ဆရာတင်နွမ်းလွင်နဲ့ မြစ်ကြီးနားသတင်းဂျာနယ် ချိတ်ဆက်မိပုံက ဒီလိုပါ။ အဲဒီတုန်းက မြစ်ကြီးနားသတင်းဂျာနယ်မှာ စာပြင်ဆရာကောင်းကောင်းမရှိသေး။ စာလုံးပေါင်းအမှားတွေက အပတ်စဉ်လိုလိုတွေ့နေရတယ်။ အမှားပြင်ဆင်ချက်တွေ ခဏခဏထည့်ခဲ့ရတယ်။ တစ်ခါတစ်ခါ မဆိုင်းမိုင်က ဖောင်ပိတ်ရက်တွေမှာ အိမ်အရောက်လာလာခေါ်ပြီး စာပြင်ခိုင်းတယ်။ နောက်တော့ ဆရာတင်နွမ်းလွင်ဆီ အကူအညီတောင်းရတယ်။ စာပြင်ဆရာ လုပ်ဖို့။

အဲဒီတုန်းက ဆရာတင်နွမ်းလွင်က အဆွေတော်တည်းခိုခန်းမှာ မန်နေဂျာ။ နောက်တော့ တည်းခိုခန်းမန်နေဂျာဖြစ်လိုက် စာပြင်ဆရာဖြစ်လိုက်နဲ့ ဆရာတင်နွမ်းလွင်လည်း လုံးချာလိုက်နေတော့တာပါပဲ။


သူနဲ့ ကျွန်တော့်မှာ တူညီတဲ့အချက်တစ်ချက်က မြစ်ကြီးနားသတင်းဂျာနယ်အပေါ်မှာ သံယောဇဉ်ကြီးကြတာပါပဲ။

### ပြေးဟယ်လွှားဟယ် ရေးရတယ်

တကယ်တော့ ဂျာနယ်မှာ ပင်တိုင်ကဏ္ဍရေးရတာ မလွယ်ပါ။ အချိန်တွေလည်းပေးရပါတယ်။ အစတုန်းကတော့ တစ်လတစ်ကြိမ်၊ ပြီးတော့ ၁၅ ရက်တစ်ကြိမ်ထုတ်တယ်။ အဲဒီတုန်းကတော့ ရေးချိန်တွေ ပိုရတာပေါ့။ နောက်တော့ အပတ်စဉ်သောကြာနေ့တိုင်း ထုတ်ဝေလာခဲ့တယ်။ မြစ်ကြီးနားသတင်းဂျာနယ်ရဲ့ အောင်မြင်မှုမှတ်တိုင်များပါပဲ။

ကျွန်တော်က ကျူရှင်ဆရာအဖြစ် အသက်မွေးဝမ်းကြောင်း ပြုပါတယ်။ ကိုယ်ပိုင်ကျောင်းတချို့တွေမှာ စာသင်ပါတယ်။ တုတ်ထိုးအိုးပေါက် ဂျာနယ်စကားဝိုင်းကို မအားလပ်တဲ့ကြားက အားထုတ်ပြီး ရေးခဲ့ရပါတယ်။ တစ်ခါတစ်












ခါ စာစီစာရိုက်ဘေးနားမှာ ထိုင်ပြီး တွေ့ရာစာရွက်လွတ်ပေါ် တစ်ထိုင်တည်းချရေး၊ စာစီစာရိုက်ကောင်မလေးတွေဖြစ်တဲ့ နိုနိုတို့၊ ဝေဝေတို့က တစ်ခါတည်းရိုက်။

နေ့စဉ်သတင်းတွေ၊ အွန်လိုင်းသတင်းတွေကိုလည်း နားစွင့်ထားရပါတယ်။ တစ်ခါတစ်ခါ အချိန်ခိုး စာရေးရပါတယ်။ ကျူရှင် အားချိန်၊ အတန်းချိန်တစ်ချိန်နဲ့တစ်ချိန်ကြား ကူးချိန် ၁၀ မိနစ် ၁၅ မိနစ်တွေစုပြီး ရေးခဲ့ရပါတယ်။ ဒီတစ်ပတ်ဂျာနယ်ထွက်ပြီး နောက်တစ်ပတ်ဘာရေးရမလဲ တွေးနေရတာပါပဲ။

တစ်ခါတစ်ခါ ဖောင်ပိတ်တဲ့ညမှ အပြေးအလွှားရေးပို့ရတာပါ။

### ဒေါင်းစီးစာပဲ မဖတ်တဲ့လူ

တစ်ခါတရံ တုတ်ထိုးအိုးပေါက်ဂျာနယ်စကားဝိုင်းမှာ ပြောချင်တာတွေ ကျန်နေသေးပေမယ့် စာမျက်နှာအနေအထားအရ မပြောဘဲချန်ထားရတာတွေ ရှိပါတယ်။ အဲဒီမှာ ပြောခွင့်မရတာတွေပြောဖို့ "ခွဒေါင်း"ကလောင်နဲ့ သရော်စာ ကျွန်တော် ပြန်ရေးခဲ့ပါတယ်။

"ခွဒေါင်း"ကလောင်နဲ့မှတ်မှတ်ရရဖြစ်တာ ရှိသေးတယ်။ အဲဒီတုန်းက ၂၀၁၅ ရွေးကောက်ပွဲအရှိန်အဟုန် ကြီးနေချိန်။ အဲဒီတုန်းက "ဒေါ်အောင်ဆန်းစုကြည် တော်တော်ညံ့တယ်"ဆိုပြီး သရော်စာရေးခဲ့တယ်။

အဲဒီမှာ အခု အနိုင်ရပါတီထဲမှာ နေရာတစ်နေရာရနေတဲ့အမတ်တစ်ယောက်က ဂျာနယ်တိုက်ကို ဖုန်းဆက်ပြီး ဒေါ်အောင်ဆန်းစုကြည်ကို ဒီလိုရေးရမလားဆိုပြီး ဆူဆဲမာန်မဲပါတယ်။ အယ်ဒီတာက အဲဒီဆောင်းပါးကို ဖတ်ပြီးပြီလားဆိုတော့ မဖတ်ရသေးဘူးတဲ့။ ခေါင်းစဉ်မြင်ပြီး လှမ်းဆက်လိုက်တာတဲ့။ အဲဒီမှာ အယ်ဒီတာက ဒါဆို ဆက်ဖတ်လိုက်ပါဦးလို့ ပြန်ပြောလိုက်တယ်။

နောက်တော့ သူက ဖုန်းပြန်ဆက်လာတယ်။ ဒီလိုဆိုတော့လည်း ဟုတ်သားတဲ့။ ကျွန်တော်က ဒေါ်အောင်ဆန်းစုကြည်ကို ဘယ်လိုတော်ကြောင်း ချီးမွမ်းခန်းဖွင့်ထားတဲ့စာပါ။ ပေါချာချာအမတ်တွေ၊ လူ့ရှင်တော်အမတ်တွေကို ကလိထိုးထားတဲ့စာပါ။ သူက စာကိုသေချာမဖတ်ဘဲ အပြစ်အရင်တင်နေတာကိုး။

### ကလောင်ခွဲတွေ

ပညာရေး၊ လူမှုရေး၊ ငြိမ်းချမ်းရေးအကြောင်းလေးတွေ ရေးချင်လာတော့ ဆွေမြင့်စောကလောင်နဲ့ ရေးခဲ့ပါသေးတယ်။ တစ်ခါတရံ ဖောင်ကမပြည့်ဖြစ်တဲ့ အခိုက်တွေမှာလည်း ဆွေမြင့်စောကလောင်နဲ့ခွဲပြီး ဆောင်းပါးတွေဖြည့်ခဲ့ဖူးတာပါပဲ။

### ရသတွေ ရေးမရတော့လို့

နောက်ပြီး မြစ်ကြီးနားဂျာနယ်ကို ကျေးဇူးတင်တာက ကဗျာကဏ္ဍပါဝင်တာ။ အခုထက်ထိ ကဗျာကဏ္ဍပါဝင်နေသေးလို့ ကဗျာကလောင်ရှင်တွေအတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်။ အနယ်နယ်အရပ်ရပ်က ကဗျာစာမူတွေ ပို့လာကြတာ ဝမ်းသာစရာပါပဲ။

မြစ်ကြီးနားသတင်းဂျာနယ်ကို ကျွန်တော်ချစ်ပါတယ်။ ဒါကြောင့်လည်း တုတ်ထိုးအိုးပေါက် ဂျာနယ်စကားဝိုင်းကို အခက်အခဲတွေကြားထဲက ကျွန်တော် ဆက်ပြီး ရေးဖြစ်ခဲ့တာပေါ့။

ဒါပေမဲ့ အဲဒီတုတ်ထိုးအိုးပေါက်ဂျာနယ်စကားဝိုင်းဘက်မှာ စိတ်ကိုပုံချထားတော့ ကျွန်တော်ရေးချင်တဲ့ ရသစာပေဘက် ခြေဦးမလှည့်ဖြစ်တော့ဘူး။ ဝတ္ထုတွေ ကျွန်တော်မရေးဖြစ်တော့ဘူး။ ရသစာတမ်းတွေ မရေးဖြစ်တော့ဘူး။ ရေးလို့ မရတော့ဘူး။ ရေးလို့ မရတော့ဘူး။ရေးလို့မရတော့ဘူး။

ရသစာပေကို ကျွန်တော် ရေးလို့ မရတော့ဘူး။

ဒါကြောင့် တုတ်ထိုးအိုးပေါက် ဂျာနယ်စကားဝိုင်းကို ကျွန်တော်ရပ်ပစ်ခဲ့တာ။ ၂၀၁၇ နိုဝင်ဘာမှာ တုတ်ထိုးအိုးပေါက်ကို ကျွန်တော်ရပ်ပစ်ခဲ့တာပါ။

မြစ်ကြီးနားသတင်းဂျာနယ်မှာ မိတ်ဆွေကောင်းတွေနဲ့ ခင်မင်ရင်းနှီးခဲ့ရတယ်။ ကိုဇော်နိုင်ဦး၊ စည်သူ၊ ဆလိုင်း၊ မွန်းမွန်းပန်၊ ဂျားဂျာ။ စာမူခထုတ်တိုင်း မျက်နှာမပျက်ခဲ့ကြတဲ့ ညီမလေးတွေရောပေါ့။ ပြီးတော့ အသစ်တွေ၊ အသစ်တွေ။

တချို့က ကြွေလို့။ တချို့က ဝေလို့။ အခက်အခဲတွေကြားမှာ မြစ်ကြီးအနားမှာ မြစ်ကြီးနားသတင်းဂျာနယ်က လင်းယုန်လို အားမာန်နဲ့ပျံသန်းလို့။

### ပြန်လာပါ့မယ်

တချို့က ကျွန်တော့်ကို တုတ်ထိုးအိုးပေါက် ဂျာနယ်စကားဝိုင်းကို ဆက်ရေးဖို့တိုက်တွန်းကြတယ်။ ဘာလို့ မရေးတော့တာလဲ။ဖုန်းဆက်မေးကြပါတယ်။

ကျွန်တော် ရသစာပေဘက် ခြေဦးလှည့်လိုက်ပါဦးမယ်။ အခု "ကမ္ဘာမြေရဲ့ကချေသည်နှင့် အခြားဝတ္ထုတိုများ" စာအုပ် စီစဉ်နေပါတယ်။ မကြာမီမှာ ထုတ်ဝေဖြန့်ချိဖို့ ရှိပါတယ်။ ရသစာပေကောင်းကင်ဆီပျံသန်းဖို့ ကျွန်တော် အရှိန်ပြန်ယူပါဦးမယ်။

၂၀၂၀ ရွေးကောက်ပွဲကာလရောက်ရင်တော့ ပြည်သူ့ဘက်ကရပ်တည်ပြီး တုတ်နဲ့ထိုးရမယ့်အရာတွေ ပေါ်လာခဲ့ရင်တော့ မြစ်ကြီးနားသတင်းဂျာနယ်နဲ့အတူ ပြန်လာပါ့မယ်။

မြစ်ကြီးနားသတင်းဂျာနယ် အဓွန့်ရှည်ပါစေ။

စာဖတ်ပရိသတ်အပေါင်း စိတ်ဝယ်ချမ်းသာခြင်း၊ ကိုယ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံကြပါစေ။

အမိမြန်မာပြည် အမြန်ငြိမ်းချမ်းပါစေ။ ။

စောနဒီ(မြစ်ကြီးနား)

# ခဲ့မှုများပေါ် ပြည်သူများ၏ အမြင်သဘောထားများ



ဏာကို
တွင်းက
်အောင်
ပွားရေး
နိုင်းတာ
စ်နေပြီး
ျလ်တွေ
ပြောချင်ပါတယ်။ တစ်ချိန်က နာကျည်းချက်တွေကိုသာ ဦးတည်ပြီး
ကြောင့် ပြီးခဲ့တဲ့ ကာလတစ်လျှောက်လုံးမှာ အစိုးရနဲ့ နိုင်ငံဝန်ထမ်း
ဖြစ်ပျက်နေတာ တွေ့မြင်ကြရတယ်။ ဒါပေမယ့် ကချင်ပြည်နယ်
ဒေသခံတိုင်းရင်းသားတွေကို မွေးရာပါ အခွင့်အရေးတွေပေးပြီး
ာင်းမွန်တဲ့ သမိုင်းမှတ်တိုင်တစ်ခုပါပဲ။ မြန်မာနိုင်ငံရဲ့ စီးပွားရေး
သအလိုက် တည်ငြိမ်အေးချမ်းရေးကို မရှိမဖြစ် လိုအပ်နေပေမယ့်
ဝင်ထင် တွေ့မြင်ကြရပါတယ်။ ၁၉၄၇ ခုနှစ်ကတည်းကစပြီး
စည်းခံစားကြရင်း သားသေသမီးသေ ဘဝမျိုးတွေနဲ့သာ အခုချိန်
နနဲ့ တာဝန်ယူဖြေရှင်းပေးနိုင်တဲ့ အနေအထား မတွေ့ရသေးပါဘူး။
းတွေက သဟဇာတဖြစ်မှသာ ပြောင်းလဲနိုင်မှာဖြစ်လို့ ရှေ့ဆက်
ဟာင်းတွေကို ပြန်လည်ပြောဆိုမှုတွေ ရပ်တန့်ကြစေလိုပါတယ်။
်ဆိုရင်ဖြင့် အရင်လွှတ်လပ်ရေးရပြီးနောက်ပိုင်း တိုင်းရင်းသားတွေ
ကြားစေ့ရေးဆိုတာလဲ အောင်မြင်နိုင်မယ် မထင်ပါဘူး။ ဒါကြောင့်
းမှာ မေတ္တာတရားနဲ့သာ ပြည်သူတွေအကျိုးကို အောင်မြင်အောင်



**ဦးအောင်ခမ်း**
**ကချင်ဒီမိုကရက်တစ်ပါတီ (KDP)ဥက္ကဋ္ဌ**

လွန်ခဲ့တဲ့နှစ်တွေမှာ ပွင့်ပွင့်လင်းလင်းပြောရရင် ဘာမှအားရကျေနပ်မှု မရှိပါဘူး။ လူထုရဲ့ အသံကိုလည်း နားမထောင်ဘူး။ ရွေးကောက်ပွဲမှာ ပြောတဲ့အတိုင်း ငြိမ်းချမ်းရေး ရရှိစေရမယ်။ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်မယ်။ နောက်ပြီး change ဆိုတဲ့ဟာမျိုးတွေ ပြောပါတယ်။ ဘာတစ်ခုမှ ဖြစ်မလာဘူး၊ လုပ်လည်းမလုပ်ဘူး။ အခုပိုဆိုးတာက စစ်တပ်နဲ့ ရင်းရင်းနှီးနှီးနဲ့ နေထိုင်တဲ့ အဆင့်ပဲ မြင်တွေ့နေရတယ်။ ဒါကြောင့် ကျွန်တော်တို့ အနေနဲ့ ပြောရရင်တော့ ဘာမှအားရစရာတော့ မတွေ့ရပါဘူး။

**ဦးလခမ်ဒေါင်ခမ်း**
**လော်ဝေါ်အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ (LNUDP) ဥက္ကဋ္ဌ**



အစိုးရအပေါ် အားမလိုအားမရဖြစ်နေတဲ့ အပိုင်းတွေ ရှိတယ်။ တကယ်ကို ကောင်းမွန်တဲ့ စီမံကိန်းတွေ လုပ်ဆောင်နေတယ်လို့တော့ ပြောလို့မရဘူးပေါ့။ အားမရတဲ့ဟာတွေ ရှိတယ်။ လုပ်ငန်းတစ်ခုခု လုပ်လာတဲ့အခါမှာ အစိုးရဘက်မှာ တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေ သူတို့ကိုယ်တိုင်ကိုယ်ကျ လမ်းညွှန်းလမ်းပြ အုပ်ချုပ်တဲ့ ဟာမျိုးတွေ အားနည်းနေတာ တွေ့ရတယ်။ ဥပမာ အခု လမ်းလုပ်နေတဲ့ ဟာတွေမှာလဲ အရပ်ထဲက လူတွေကို အပ်သလိုလို၊ ဆောက်လုပ်ရေးအဖွဲ့ကပဲ ဦးဆောင်တော့မလိုလို၊ ဒါမှမဟုတ် လွှတ်တော်ကိုယ်စားလှယ်တွေပဲ ဦးဆောင်မလိုလိုဖြစ်ပြီး ဟိုပြောလိုက် ဒီပြောလိုက်နဲ့ ကောင်းကောင်းမွန်မွန် ထိထိရောက်ရောက် မလုပ်တဲ့ဟာတွေ အများကြီး မြင်တွေ့နေရတယ်။အခု လာမယ့်နှစ်မှာဆိုရင် အရမ်းဒုက္ခရောက်နေကြတဲ့ IDP တွေ နေရပ်ပြန်ရေးကို လုပ်ပေးသေးတယ်။ အခုက နေရပ်ပဲ ပြန်ခိုင်းမလိုလို၊ သူတို့စီစဉ်တဲ့ အင်ခိုင်ဘွမ်ဘက်မှာပဲ နေရာချပေးဖို့ လုပ်မလိုလိုနဲ့ အားမရတဲ့ဟာတွေ ရှိတယ်။ ဖြစ်နိုင်ရင်တော့ သူတို့ရဲ့ စွန့်ခွာခဲ့တဲ့ ရပ်ရွာတွေမှာနေရာ ပြန်ချပေးနိုင်ရင်တော့ ပိုကောင်းမယ်လို့။ ၂၀၁၈ ခုနှစ်မှာ ကချင်ပြည်နယ် အစိုးရအနေနဲ့ ဒါတွေ လုပ်ဆောင်ပေးနိုင်ရင်တော့ ကောင်းလိမ့်မယ်လို့ ပြောချင်ပါတယ်။

**...လုပ်အမှုဆောင်အဖွဲ့ဝင်**

...။ သူတို့ လုပ်ရမယ့် အရာအကုန်လုံးကို ၂၀၁၇ ခုနှစ်မှာ ပြီးစီး
းအသစ် ဖွင့်တာတွေက ကောင်းတယ်။ ဒါပေမယ့် တစ်ခုရှိတာက
အဆောက်အဦတွေ ဆောက်တယ်။ အဲဒီဟာကို ဒီအတိုင်းထား
ည်သူကိုချပြရမယ့် အကြောင်းအရာ တစ်ခုလို့ ကျနော် မြင်မိတယ်။
။ နောက်ပြီးတော့ မြစ်ဆုံရေကာတာစီမံကိန်းကို ပွင့်လင်းမြင်သာ
သူတို့ နေပြည်တော်က ဘယ်လို လုပ်ထားတယ်ဆိုတဲ့ အရာကို သူတို့
ငံမှာ အုပ်ချုပ်တဲ့သူတွေက အထက်က ဘယ်လိုပဲလုပ်လုပ် ဒီက
တည့်လုပ်ပေးရင်တော့ ကောင်းမှာပဲလို့ မြင်မိတယ်။ အရင်အစိုးရ
လက်ထက်မှာ သဲကြီးမဲကြီး ဆိုးရွားလာတယ်။ အားလုံးကို မြုံငုံပြီး
ဆောင်သွားတာကို အားရကျေနပ်မှု မရှိဘူး။

**ဦးဇော်မြင့်**
**ဂျန်မိုင်ကောင်းရပ်ကွက်၊ မြစ်ကြီးနားမြို့**

ကချင်ပြည်နယ် ဝန်ကြီးချုပ်ကလည်း သူ့အစွမ်းအစနဲ့ သူတော့ လုပ်နေတယ်လို့ ထင်တယ်။ သို့သော်လည်းပဲ ပြည်သူတွေ အနေနဲ့ အားရချင်အားရမယ်။ နောက်တစ်ခုက စည်ပင်ဝန်ကြီးရဲ့ လုပ်ဆောင်ချက်တွေက သိသာတယ်လို့ မြင်တယ်။ လမ်းပမ်းဝန်ကြီးလည်း လျှပ်စစ်မီးတွေရဖို့ လမ်းတွေကောင်းအောင် လုပ်နေတယ်လို့ ထင်တယ်။ အတိုင်းအတာတစ်ခုအထိ ကျေနပ်စရာရှိတယ်လို့မြင်ပါတယ်။ အစိုးရလက်လှမ်းမမှီတဲ့ နေရာတွေမှာတော့ အားနည်းပြီး ကျန်ရစ်နေခဲ့တယ်။



**ဇော်ဂိန်မရာ**
**တေးသံရှင်၊ တပ်ကုန်းရပ်ကွက်**

ပြောင်းလဲချိန်တန်ပြီဆိုတဲ့ ဆောင်ပုဒ်နဲ့ တက်လာပေမယ့် ကျွန်တော်တို့ ကချင်ပြည်နယ်မှာတော့ ပြောင်းလဲမှုတွေ မတွေ့ရဘူး။ အနည်းငယ် တိုးတက်လာတာ ပြောပါဆိုရင်တော့ ကားလမ်းတွေတော့ ကောင်းလာပါတယ်။ ဝန်ကြီးချုပ်ကိုလည်း အားမရဘူး။ အစိုးရဖြစ်လာခဲ့ပြီးနောက် အန်တီစုလည်း နာမည်ကောင်းလာခဲ့သမျှတော်တော်ကြီး အပြောခံနေရပါပြီ။ ဒါကြောင့် ဒီအတိုင်း ဆက်သွားနေမယ်ဆိုရင်တော့ အန်တီစုသမိုင်းကရလဒ်တွေ ဆိုးရွားသွားပါလိမ့်မယ်။ ဒါကြောင့် သတ္တိရှိရှိနဲ့ ဆုံးဖြတ်ချက်တစ်ခုခုကို ပြတ်ပြတ်သားသား လုပ်သင့်ပါပြီ။ ဒီအတိုင်းပဲ ဆက်သွားနေမယ်ဆိုရင်တော့ မဲပေးခဲ့တာ နောင်တရပါတယ်လို့ ပြောရပါလိမ့်မယ်။

...် အားရမှုရှိပါတယ်။
...နိုင်တယ်။ ရွာမှာဆိုရင်
...ာ အစိုးရတွေနဲ့ အဖွဲ့အ
...တယ်ဝမ်းသာမိပါတယ်။
...အတွက် ပြည်သူတွေ
...အဲဒါပါပဲ။





ဆထားပြီးဖြစ်သလို ဘယ်ဆီဘယ်ဝယ်ရောက်သွားပြီမှန်းမသိသည့် ဇင်းတို့ပိုင် ကျွဲနွားများနှင့် အိမ်မွေးတိရစ္ဆာန်များကလည်း ပြန်လည်ရရှိတော့မည်မဟုတ်မှန်း သူတို့သိနေကြသည်။ ထွန်ယက်မှုမရှိတာ ၇ နှစ်ကြာပြီဖြစ်သည့် လယ်ယာမြေများနှင့် ခုးဆွတ်မှုမရှိသော လိမ္မော်နှင့်တည်ပင်းခြံများတွင် ပေါင်းပင်များ ကြီးစိုးနေမည်ကိုလည်း သိနေကြပါသည်။

သူတို့မသိသေးသည်က ဘယ်တော့အိမ်ပြန်ရမလဲဆိုတာဖြစ်သည်။ သူတို့နားမလည်သေးသည်က သူတို့ရွာများဘက်တွင် တရုတ်နိုင်ငံသားများ ငှက်ပျောဝင်စိုက်နေကြပြီး သူတို့ဘာဖြစ်လို့ အိမ်ပြန်ခွင့်မရသေးတာလဲဆိုသည့် မေးခွန်းဖြစ်သည်။

ဦးဝွမ်ဆိုင်းကတော့ "အိမ်ပြန်ချင်လားလို့မေးရင် ညတစ်ရေးနိုးသွားမေးလည်း ပြန်ချင်တယ်လို့ပြောမှာပဲ။ ကြံခိုင်ရေးအစိုးရတက်ရင်တောင် ပြည်သူကို မျက်နှာလုပ်တဲ့အနေနဲ့ သူတို့လူတွေကို အပစ်ရပ်ဖို့ပြောပြီး ခဏဖြစ်ဖြစ်ရပ်ချင်ရပ်နိုင်သေးတယ်။ အခုတော့ ကျွန်တော်တို့ ကချင်လို့ပြောရင်(ကောင်ဂရန်အိုင်)လို့ပြောရမယ်။ ချိုသွေးနေတာနဲ့အချိန်ကုန်နေတာပေါ့။ ဘယ်တော့ပြန်ရမလဲဆိုတာ၊ ဘယ်တော့ငြိမ်းချမ်းမလဲဆိုတာကတော့ ဘုရားသခင်နဲ့ ဦးမင်းအောင်လှိုင်ပဲသိမှာပဲ"ဟု ခပ်ပြုံးပြုံးလေးပြောလိုက်လေသည်။ ■

# ၂၀၁၇ မေလတွင် ကျင်းပခဲ့သည့် ၂၁ ရာစုပင်လုံ ဒုတိယအကြိမ် အစည်းအဝေးမှ ရလဒ်များ



- ၂၀ ရာစုပင်လုံညီလာခံ ဒုတိယအကြိမ် အစည်းအဝေးအား မေလ ၂၄ ရက် မှ ၂၈ ရက်အထိ ကျင်းပရန် စီစဉ်ခဲ့သော်လည်း UPDJC အစည်းအဝေး ဆွေးနွေးမှုများ မပြီးပြတ်သေးသောကြောင့် တစ်ရက်ထပ်မံတိုးကာ မေလ ၂၉ ရက် အထိ ၆ ရက်ကြာ ကျင်းပခဲ့သည်။

- မူဝါဒ အဆိုတင်သွင်းထားသည့် အချက်ပေါင်း ၄၅ ချက်မှ မူဝါဒအဖြစ် ၃၇ ခုကို ပြည်ထောင်စု သဘောတူစာချုပ်အဖြစ် ညီလာခံသို့ တက်ရောက်လာသည့် အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ နိုင်ငံရေးပါတီနှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များမှ ကိုယ်စားလှယ်များက လက်မှတ်ရေးထိုးခဲ့ကြသည်။

- မူဝါဒ ၃၇ ခု မှာ ပြည်ထောင်စု သဘောတူစာချုပ်၏ အစိတ်အပိုင်း တစ်ခုအနေဖြင့် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ ၂၁ ရာစုပင်လုံ ဒုတိယ အစည်းအဝေးတွင် မှတ်တမ်းတင်ခဲ့သည်။

- ညီလာခံ ဒုတိယအစည်းအဝေးသို့ အစုအဖွဲ့အသီးသီးမှ ကိုယ်စားလှယ် ၇၀၀ နှင့် ဖိတ်ကြားထားသည့် တတ်သိပညာရှင်များနှင့် လေ့လာသူ ၁၂၀ ဦး တက်ရောက်ကာ အကျေအလည်ဆွေးနွေးခဲ့ကြပြီး သဘောတူခဲ့ကြခြင်း ဖြစ်သည်။

- ညီလာခံသို့ အစိုးရအဖွဲ့၊ တပ်မတော်၊ လွှတ်တော်၊ နိုင်ငံရေးပါတီ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် ပါဝင်သင့် ပါဝင်ထိုက်သူပေါင်း ၁၇၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

- ထိုညီလာခံအစည်းအဝေးတွင် ပြည်ထောင်စုမှ ခွဲမထွက်ရဆိုသည့် စကားရပ်အပေါ် ဆွေးနွေးမှု ဆိုင်းငံ့ရပ်နားထားမည်ဖြစ်ပြီး လာမည့် တတိယအကြိမ် ညီလာခံအစည်းအဝေးတွင်သာ ပြန်လည်ဆွေးနွေးမည် ဖြစ်သည်။

- ပြည်ထောင်စုမှ မည်သည့်အခါမှ ခွဲမထွက်ရဆိုသည့် စကားရပ်အား အမျိုးသားဆင့် နိုင်ငံရေးဆွေးနွေးပွဲများက တင်ပြလာခြင်းဖြစ်ပြီး၊ အဆိုပါ အသုံးအနှုန်း စကားရပ်ကိုနိုင်ငံရေးကဏ္ဍဆွေးနွေးမှုအပါအဝင်၊UPDJCအစည်းအဝေးဆွေးနွေးမှုတွင်ပါဝင်သည့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကကန့်ကွက်ကြခြင်း ဖြစ်သည်။

- အဆိုပါ ခွဲမထွက်ရဆိုသည့် စကားရပ်နှင့် ပတ်သက်၍လည်း ၁၉၄၇ ခုနှစ်တွင် ချုပ်ဆိုခဲ့သည့် ပင်လုံစာချုပ်၊ ပင်လုံကတိကဝတ်နှင့် ပင်လုံစိတ်ဓါတ်၊ ဗိုလ်ချုပ်အောင်ဆန်း၏ ပြည်ထောင်စုမူနှင့် ဆန့်ကျင်လျက်ရှိပြီး အဆိုပါအချက်သည် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ပျက်ပြားစေသည့်အတွက် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီ အဖွဲ့ချုပ်အနေဖြင့် လက်ခံမည်မဟုတ်ဟု မေလ ၂၅ ရက်က ကြေညာချက်တစ်စောင် ထုတ်ပြန်ထားခဲ့သည်။

- ဒုတိယအကြိမ် ပင်လုံညီလာခံ ကျင်းပနေသည့် မေလ ၂၆ ရက်တွင် နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် KIO ပါဝင်သည့် မြောက်ပိုင်းမဟာမိတ်တပ်ဖွဲ့များ တွေ့ဆုံခဲ့ကြပြီး တွေ့ဆုံမှု အောင်မြင်ကြောင်း မကြာမီ ပြန်လည်တွေ့ဆုံမှု ဆက်လက်လုပ်ဆောင်သွားမည်ဟု KIO ၏ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးအင်ဘန်လက ပြောကြားခဲ့သည်။

- ဒုတိယအကြိမ်ညီခံလာတွင်NCAလက်မှတ်ရေးထိုးထားသည့်အဖွဲ့၈ဖွဲ့လုံးပါဝင်တက်ရောက်သည့်အတွက်ယခုညီလာခံသည်ရာနှုန်းပြည့်အောင်မြင်သည်ဟု ပြောဆိုခဲ့ကြသည်။

- ၂၀ ရာစု ပင်လုံညီလာခံ၊ ဒုတိယအကြိမ် အစည်းအဝေးတွင် သက်ဆိုင်ရာ တိုင်းရင်းသားများ ကိုယ်တိုင် ရွေးချယ်စေလွှတ်သည့် ကိုယ်စားလှယ်များ မပါဝင်သည့်အတွက် ပြည်ထောင်စုတစ်ခုလုံးအရေး ဆွေးနွေးကာ အောင်မြင်သည်ဟု ကြွေးကြော်ခြင်းသည် အံ့သြဖွယ်သတ္တိဖြစ်ကြောင်း မေလ ၂၉ ရက်တွင် ပြုလုပ်သည့် ပင်လုံညီလာခံ နောက်ဆုံးနေ့တွင် ကေအိုင်အိုမှ ဗိုလ်ချုပ်ဂွမ်မော်က ၎င်း၏ လူမှုကွန်ရက် စာမျက်နှာပေါ်၌ ရေးသားဖော်ပြခဲ့သည်။

Salai စုစည်းသည်။

## ကချင်ပြည်နယ်မှ မွေးထုတ်ပေးနိုင်ခဲ့သည့် မြန်မာ့လက်ရွေးစင်ကစားသမားများ

**ဘောလုံးအားကစားနည်း၊**

ဒေးပစ်ထန်း (မြစ်ကြီးနား)
ငြိမ်းချမ်းအောင် (မြစ်ကြီးနား)
အိစိုး (ယူ-၂၀) (မြစ်ကြီးနား)
မြင့်မြတ်နိုး (ယူ-၁၀)ဂိုး (ဝိုင်းမော်)
ကျော်လင်းထွေး (ယူ-၁၂)ဂိုး (ဝိုင်းမော်)

**ဝိုက်ကျော်ခြင်းကစားနည်း၊**

မျိုးမြင့်ဇော် (မြစ်ကြီးနား)
အောင်သူမင်း (ရွှေကူ)
စစ်လင်းထွဋ် (မြစ်ကြီးနား) (အငယ်တန်း)

**ဂိုးကျလေ့ အားကစားနည်းအတွက် ပဏာမရွေးချယ်ခံရသည့် ကစားသမားများ**

မောင်နိုင်စိုးအောင် (ဝိုင်းမော်)
အောင်လွင်မျိုး (ဝိုင်းမော်)
ခင်ဦးခင် (ဝိုင်းမော်)
ဇူလိုင်မိုး (ဝိုင်းမော်)

**ပြေးခုန်ပစ် ကစားနည်း၊**

မဂျေမီလီအေး (ပဏာမ) (မြစ်ကြီးနား)

**ဘတ်စကတ်ဘောကစားနည်း၊**

ယောဟန် (ပဏာမ) (တနိုင်း)
ဖူးဇွေ့ဆာ (ပဏာမ) (တနိုင်း)

**ဝိတန်း၊ ကစားနည်း၊**

မတင်တင်ဝေ (ရွှေကူ)

**ဟောကီ ကစားနည်း၊**

မောင်နေရှိန်း (မြစ်ကြီးနား)

**ဂျူဒို ကစားနည်း၊**

မောင်အောင်ဖေယျာထွန်း (မြစ်ကြီးနား)

**လက်ဝှေ့ကစားနည်း၊**

မောင်ဝဏ္ဏဝင်း (ပဏာမ) (မြစ်ကြီးနား)

**အလေးမ ကစားနည်း၊**

မောင်ဝင်းသော် (ပဏာမ) (မြစ်ကြီးနား)

Source; အား/ကာ

မြစ်ကြီးနားသတင်းဂျာနယ်
(ဇန်နဝါရီ ၁၂ - ဇန်နဝါရီ ၁၈၊ ၂၀၁၈ )

# ၂၀၁၈ ခုနှစ်တွင် ပြည်သူများအတွက် NLD အစိုးရ အနေဖြင့် လုပ်ဆောင်ပေးစေလိုသော မျှော်လင့်ချက်ဆန္ဒများ



**ဒေါက်တာတူးဂျာ**
**ကချင်ပြည်နယ် ဒီမိုကရေစီ ပါတီ – KSDP ဥက္ကဋ္ဌ**

၂၀၁၈ မှာ ကချင်ပြည်နယ် အစိုးရအနေနဲ့ တရားဥပဒေစိုးမိုးရေး၊ တိုက်ပွဲရပ်ရေး လုပ်ဆောင်ဖို့ လိုအပ်တယ်။ နောက်ပြီး တရားဥပဒေစိုးမိုးရေးကို သေသေချာချာ လုပ်ဆောင်သင့်တယ်။ အဓိကကတော့ IDP ဒုက္ခသည်တွေရဲ့ ခံစားနေရမှုတွေကို အမြန်အဆုံးသတ်နိုင်အောင် သူတို့ဒေသကို သူတို့ အမြန်ပြန်နိုင်အောင် အားပေးစကားပြောပေးရမယ်။ လိုအပ်တဲ့ အကူအညီတွေ ပေးရမယ်။ သူတို့ ပြန်နိုင်ရေးဆိုလို့ရှိရင် တိုက်ပွဲရပ်မှ ဖြစ်မယ်။ တိုက်ပွဲရပ်အောင် ပြည်နယ်အစိုးရက အတတ်နိုင်ဆုံး ဆောင်ရွက်ရမယ်။ IDP တွေ ခံစားနေရတာက သူတို့ရဲ့ အိုးအိမ်တွေ သူတို့စစ်ရှောင်နေရတဲ့အချိန် သူတို့ဒေသက နယ်မြေတွေ၊ အိမ်ယာတွေ အကြမ်းဖက်ခံနေရတာတွေ ကြားနေရတယ်။ အဲလိုမဖြစ်အောင် ရပ်တန်းက ရပ်နိုင်အောင် ပြည်နယ်အစိုးရက လုပ်ဆောင်ပေးသင့်တယ်။ ပြီးရင် ပညာရေး၊ ကျန်းမာရေး အများကြီး မြင့်တင်သွားဖို့ လိုအပ်တယ်။ ပြီးရင်တော့ လမ်းပန်းဆက်သွယ်ရေးပေါ့။ အခုက ပဟိုရဲ့ လမ်းညွှန်မှုအရပဲ လုပ်ရတယ် ဆိုပေမယ့်လည်း ကိုယ်ကလုပ်ဖို့ လိုအပ်တဲ့အတွက် ပဟိုကို တင်ပြရမှာပေါ့။ ပဟိုကလည်း ဒါကို လိုက်လျောပေးနိုင်အောင် ခွင့်ပြုလာအောင် ကချင်ပြည်နယ်ကတော့ လုပ်ဆောင်ရမှာပဲ။ ဟိုက ကျလာတဲ့ဟာပဲ လုပ်ဆောင်မယ်ဆိုပြီး စောင့်နေရင်တော့ မဖြစ်ဘူးပျ။



**ဒေါ်လန်းယဲ့**
**ဂိုင်းအောင်ဒုက္ခသည်စခန်း (လော်ဝေါ်ဒုက္ခသည်စခန်း)**

ဒီနှစ်မှာတော့ အစိုးရအနေနဲ့ ကျွန်မတို့ကို နေရပ်ပြန်နိုင်ဖို့အတွက် လုပ်ပေးစေလိုပါတယ်။ ကျွန်မတို့က ကိုယ့်နေရပ်ဒေသ မဟုတ်တော့ စီးပွားရှာဖို့ကလည်း ခက်ခဲတယ်။ ကလေးတွေက တစ်နှစ်ပြီးတစ်နှစ် ကျောင်းပညာအတန်းက ကြီးလာ၊ ကျွန်မတို့ မိဘတွေက တစ်နှစ်ပြီးတစ်နှစ် အလုပ်လုပ်ဆောင်နိုင်စွမ်းတွေ ကျလာတော့ ကလေးတွေကို မထောက်ပံ့လာနိုင်ဘူး။ ဒီမှာထောက်ပံ့ပေးတဲ့အဖွဲ့တွေ ရှိပေမယ့် သူတို့ကိုပဲ အားကိုးလို့ မရဘူး။ သူတို့က နိုင်ငံတကာဒုက္ခသည်တွေကို ထောက်ပံ့ပေးနေရတော့ သူတို့ကို စဉ်းစားပေးတာပါ။ ကျွန်မတို့ ဒုက္ခသည်တွေအားလုံးကို နှစ်တွေအကြာကြီးတော့ သူတို့လည်း မကျွေးထားနိုင်ဘူးလေ။ အမြန်ဆုံးငြိမ်းချမ်းပြီး ပြန်ခိုင်းနိုင်ဖို့ ကျွန်မတို့ အားလုံး မျှော်လင့်နေပါတယ်။



**ဦးဂရော်လီ**
**လုံရက်ကောင်းကျေးရွာ၊ မိုင်းနား KBC ဒုက္ခသည်စခန်း**

နိုင်ငံငြိမ်းချမ်းလာဖို့အတွက် အဓိက မျှော်လင့်ပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာ အခုက ဒုက္ခရောက်နေတဲ့အတွက် စီးပွားရေး အခွင့်အလမ်းတွေ ပိတ်နေတဲ့အတွက် အစိုးရအနေနဲ့ အခွင့်အလမ်းတွေ ဖွင့်ပေးစေချင်ပါတယ်။ နေရာတကာမှာ ပိတ်ပင်တားဆီးမှုများနေတဲ့အတွက် လွတ်လပ်စွာ သွားလာနိုင်ဖို့အတွက်လည်း လုပ်ပေးစေလိုပါတယ်။



**ဦးတင်ကိုကို**
**မိုးညှင်းခရိုင် အရပ်ဘက်လူမှုကွန်ရက်အဖွဲ့ဝင်**

ကျွန်တော် အနေနဲ့ လက်ရှိ NLDအစိုးရရဲ့ လုပ်ဆောင်မှုအပေါ် အကြံပြုချင်ပါတယ်။ အစိုးရရဲ့ ပဟိုဦးစီးစနစ်ကို လျှော့ချရမယ်၊ နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ အရမ်းပင်ပန်းလွန်းနေလို့ပါ။ အစိုးရအနေနဲ့ တိုင်းပြည်အတွက် တာဝန်ယူမှု တာဝန်ခံမှုတွေဟာ အရေးကြီးပါတယ်။ အရင်က ငြိမ်းချမ်းရေးသည် ပထမ၊ ငြိမ်းချမ်းရေးသည် ဒုတိယလို့ ထင်ခဲ့တယ်။ အဓိကကတော့စီးပွားရေးပါ။ တိုင်းပြည်ရဲ့ စီးပွားရေးက အရေးကြီးပါတယ်။ ပြည်သူတွေ အခက်အခဲဖြစ်နေတဲ့စီးပွားရေး ပြေလည်အောင် လုပ်ပေးစေချင်တယ်။ အစိုးရအနေနဲ့ တကယ်ပဲ ပြေလည်အောင် လုပ်ပေးလာလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ၂၀၁၈ အခြေခံဥပဒေကိုပြင်ဖို့က တအားလောစရာ မလိုဘူး။ မှန်မှန်လေး သွားလို့ရမယ်။ NCA အပစ်အခတ်ရပ်စဲရေးကို အောင်မြင်အောင် လုပ်ပေးစေချင်တယ်။ ပြည်သူတွေအတွက် စီးပွားရေး ပြေလည်အောင်လုပ်ပေးဖို့ တအားမျှော်လင့်တယ်။ ကချင်ပြည်နယ်က အဓိကဖြစ်တဲ့ ကျောက်ရောင်းဝယ်ရေးတွေမှာ ခက်ခဲလာတယ်။ ရွှေတူးဖော်ရေး နည်းလမ်းတွေ ခက်ခဲလာတယ်။ ပယင်းတူးဖော်ရေး နည်းလမ်းတွေ ခက်ခဲလာတယ်။ ဒါကြောင့် ကျန်တဲ့ စီးပွားရေးအားလုံး ခက်ခဲကုန်တယ်။ ဒါကြောင့် ကျန်ရှိနေတဲ့ အစိုးရသက်တမ်းမှာ စီးပွားရေးအကြပ်အတည်းတွေကို ကျော်ဖြတ်နိုင်ဖို့ အစိုးရအနေနဲ့ လုပ်ဆောင်ပေးနိုင်ဖို့ အများကြီး မျှော်လင့်ပါတယ်။

**ဦးနူးဆောင်**
**ဘောမ်မြန်ကျေးရွာ**

ကျွန်တော်တို့ ချန်မူးခူးဒေသမှာ ဆက်သွယ်ရေး ကောင်းမွန်အောင် လုပ်ဆောင်ပေးဖို့ ပြောချင်တယ်။ တရုတ်ပြည်နဲ့လည်း ဝေးတယ်။ မြို့ကို သွားမယ်ဆိုရင်လည်း ဝေးတယ်။ ကြားထဲမှာ အရမ်းခက်ခဲတယ်။ လမ်းပန်းဆက်သွယ်ရေးလည်း မကောင်းဘူး။ ဖုန်းလိုင်းလည်းမရှိတော့ အဆင်မပြေဘူး။ အဲဒီလို အခက်အခဲတွေ ရှိတယ်။ တခြားဟာတွေ မလုပ်ပေးနိုင်ရင်လည်း ဖုန်းဆက်သွယ်ရေးနဲ့ လမ်းပန်းဆက်သွယ်ရေးကို ချောမွေ့အောင် ဒီနှစ်ထဲမှာ အစိုးရက လုပ်ပေးစေချင်တယ်။

**ဦးကိုသက်**
**လယ်ကုန်း**

၂၀၁၈ မှာ အလုပ်အကိုင်တွေ အဆင်ပြေအောင် လုပ်ပေးစေချင်တယ်။ စစ်တွေ ငြိမ်းချမ်းသွားစေချင်တယ်။ ကချင်ပြည်နယ်ကြီး တိုးတက်စေချင်တယ်။ မှော်တွေ မဖွင့်တဲ့အခါ ကျွန်တော်တို့ သုံးဘီးဆွဲမောင်းရတာ အဆင်မပြေဘူး။ အလုပ်ပါးတယ်။ အရင်နှစ်တွေနဲ့ မတူဘူး။ အခု ဒီနှစ်မှာတော့ အဲလိုတွေ ဆက်မဖြစ်ချင်ဘူး။ အဆင်ပြေပြေပဲ ဖြစ်စေချင်တယ်။

# ၂၀၁၈ ခုနှစ်တွင် ပြည်သူများအတွက် NLD အစိုးရ အနေဖြင့် လုပ်ဆောင်ပေးစေလိုသော မျှော်လင့်ချက်ဆန္ဒများ



**ဦးအောင်ခမ်း**
**ကချင်ဒီမိုကရက်တစ်ပါတီ (KDP)ဥက္ကဋ္ဌ**

၂၀၁၈ မှာ ပိုမို ပွင့်လင်းမြင်သာတဲ့ အစိုးရဖြစ်ဖို့ လိုအပ်ပါတယ်။ ပြည်သူလူထုရဲ့ အသံ သူတို့ရဲ့ ခံစားချက်တွေကို ကြည့်ပေးဖို့ လိုအပ်ပါတယ်။ နောက်တစ်ချက်က လွတ်လပ်တဲ့ လွှတ်တော်ကို လွတ်လွတ်လပ်လပ် နေထိုင်ခွင့် ရရှိဖို့ လိုအပ်တယ်။ လူထုအကျိုးပြု အစိုးရဖြစ်ဖို့ မျှော်မှန်းတယ်။ အခြေခံဥပဒေကို ပြင်ဆင်တဲ့ နေရာမှာ ပြင်ဆင်တာပဲဖြစ်ဖြစ်၊ ပြုပြင်တာ အသစ်ရေးဆွဲတာပဲဖြစ်ဖြစ် အားပေးဖို့ ပြည်နယ်အစိုးရဆီမှာ တာဝန်ရှိတယ်လို့ ပြောချင်ပါတယ်။



**ဒေါ်အယ်လ်ဂျာတောင် (သရုပ်ဆောင်)**
**စိတ်ပညာရပ်ကွက်**

ဒီအစိုးရအပေါ်မှာ ကျွန်မတို့ တိုင်းပြည်တိုးတက်ရေးနဲ့ ပတ်သက်ပြီး အရမ်းမျှော်လင့်ထားလို့ မဲထည့်ပြီး ရွေးချယ်ခဲ့တာပါ။ ဒါကြောင့် အစစအရာရာ မျှော်လင့်ပါတယ်။ ပညာရေးဆိုရင်လည်း ကျွန်မတို့လို လူလတ်တန်းစားတွေအတွက်က အခက်အခဲ မရှိပေမယ့် ကချင်ပြည်နယ်အတွင်းက တောင်ပေါ်နေ၊ ကျေးရွာနေ ကလေးတွေအတွက် အဆင့်မြင့်ပညာရရှိဖို့ သိပ်ခက်ခဲပါတယ်။ ဒါကြောင့် ပညာရေး ဝန်ထမ်းကောင်းကောင်းတွေ ပေါ်ထွက်လာဖို့လည်း မျှော်လင့်ပါတယ်။ တိုင်းပြည်တိုးတက်ဖို့က လမ်းပန်း ဆက်သွယ်ရေးလည်း အရေးကြီးပါတယ်။ လမ်းတွေ ခင်းနေတာ တွေ့ရလို့လည်း ဝမ်းသာတယ်။ မျှော်လင့်ထားသလို အနည်းငယ် အကောင်အထည်ဖော်လာလို့ပါ။ သိပ်တော့ အားမရသေးဘူး။ မြစ်ကြီးနားတစ်ဝိုက်ကို ကြည့်မယ်ဆိုရင်လည်း ပြည်သူ့ဆေးရုံကို ဒီထက်ပိုပြီး အဆင့်မြင့်စေချင်ပါတယ်။ အခမဲ့နီးပါး ဆေးကုသခွင့် ရလာလို့လည်း ဝမ်းသာပါတယ်။ NLD အစိုးရအနေနဲ့ ဒီထက်ပိုပြီး ပြောင်းလဲမှုတွေ ဖြစ်ပေါ်လာအောင် လုပ်နိုင်ဖို့ အမြဲဆုတောင်းပေးနေပါတယ်။



**မခင်မိမိမိုး**
**မိုးညှင်းဒေသခံ)**

ပြည်သူတစ်ဦးအနေနဲ့ အပြောင်းအလဲ တစ်ခုလိုချင်လို့ အစိုးရသစ်ကို မဲပေးခဲ့ကြတာပါ။ ဒါပေမယ့် ပြီးခဲ့တဲ့ အစိုးရသစ်ရဲ့ သက်တမ်း တစ်လျှောက်မှာ ပြည်သူတွေက အစိုးရအပေါ် ကျေနပ်အားရတာမျိုးတွေ မရှိခဲ့ကြပါဘူး။ ပြည်သူတွေရဲ့ စီးပွားရေးတွေ ကျပ်တည်းလာသလို လူမှုရေး၊ နိုင်ငံရေး၊ ဘက်ပေါင်းစုံမှာတိုးတက်ခြင်းမျိုးတွေကို မတွေ့ခဲ့ရပါဘူး။ စီးပွားရေးအနေနဲ့ လက်လှမ်းမှီသလောက် ပြောရရင် ကုန်ဈေးနှုန်းတွေက အတက်ပဲ ရှိတယ်။ ကုန်သည်တွေက အရောင်းအဝယ်တွေ အလွန်အေးနေပြီး လွန်ခဲ့တဲ့ ၂ နှစ်ကျော်ကထက်ကို အခုနှစ်တွေက ပိုပိုပြီး ဆိုးလာတယ်လို့ ဈေးသည်ဈေးဝယ်တွေက ငြီးတွားလာကြတယ်။ ပြည်သူတွေရဲ့ စားဝတ်နေရေးကို သက်သာချောင်ချိအောင် လုပ်ပေးဖို့ အစိုးရမှာ တာဝန်ရှိပါတယ်။ ကိုယ့်လူမျိုးတွေကို ဘေးကင်းလုံခြုံအောင် မစောင့်ရှောက်နိုင်ဘူးဆိုတာ ရခိုင်တိုင်းရင်းသားအရေးတွေက သက်သေခံတစ်ရပ်ပါပဲ။ ပြည်သူတွေရဲ့ အသက်အိုးအိမ် စည်းစိမ်တွေကို ကာကွယ်စောင့်ရှောက်ပေးနိုင်မှ ပြည်သူ့အစိုးရ ဖြစ်ပါလိမ့်မယ်။ ပင်လုံညီလာခံတွေသာ ခေါ်နေတယ်။ အခုချိန်ထိလည်း ငြိမ်းချမ်းရေးနဲ့ မနီးသေးတဲ့ ဒေသတွေမှာ ပြည်သူတွေ အေးချမ်းစွာ မနေနိုင်သေးပါဘူး။ ၂၀၁၅ မဲဆွယ်စကားဖြစ်တဲ့ NLD သာ အာဏာရလာရင် ကချင်ပြည်နယ်မှာ မူးယစ်ဆေးဝါး လုံးဝပပျောက်အောင် လုပ်ပေးမယ်ဆိုတဲ့ စကားကတိကို အကောင်အထည်ဖော် ဆောင်ရွက်နေတာမျိုး အခုချိန်ထိ မတွေ့ရသေးပါဘူး။ အခွန်အတုပ်တွေ များလာတာ ပြည်သူတွေ စီးပွားရေး ကျပ်တည်းလာတာ၊ အိုးအိမ်တွေ ဖျက်ဆီးခံရတာ ဒုစရိုက်မှုတွေ များလာပြီးပြည်သူ့ဘဝလုံခြုံရေးစိုးရိမ်လာရတာ။ ၅၈(စ)အပါအဝင် အခြေခံဥပဒေကိုပြင်ချင်တာလူ့အခွင့်အရေးကိစ္စကိုမြန်မာနိုင်ငံသား အခွင့်အရေးထက်ပိုပြီးအရေးပေးနေတာတွေတွေ့နေရပါတယ်။ ဒါတွေအားလုံးဟာ ပြည်သူတွေက အစိုးရကို အယုံအကြည်မရှိစေတဲ့ လုပ်ဆောင်မှုတွေ ဖြစ်စေပါတယ်။ အစိုးရကို မျှော်လင့်ပါတယ်။ ပြည်သူနဲ့ အတူလို့ ကြွေးကြော်ခဲ့သူများ ပြည်သူ့နေရာဝင်ပြီး ပြည်သူနဲ့ထပ်တူ ခံစားကြည့်ကြပါ။ ပြည်သူ့မျက်ရည်ကိုသုတ်ပေးပြီး ပြည်သူကို အဝတ်အစားပေး ထမင်းအဝကျွေးတဲ့ အစိုးရကိုပဲ ပြည်သူတွေက မျှော်လင့်နေကြတာကြောင့် အဲဒီလိုအစိုးရမျိုး ဖြစ်လာပါစေလို့ ကျန်ရှိတဲ့ အစိုးရသက်တမ်းကာလမှာ လုပ်ဆောင်ပေးနိုင်ဖို့ မျှော်လင့်ပါတယ်။



**ချန်းခင် (တေးသံရှင်)**
**သီတာရပ်ကွက်**

ကျွန်တော်ကတော့ ပြည်နယ်အတွင်းမှာ ဖြစ်ပေါ်နေတဲ့ မငြိမ်းချမ်းသေးတဲ့ တိုင်းပြည်အရေးကို အမြန်ဆုံး အကောင်အထည် ဖော်စေချင်ပါတယ်။ ကချင်ပြည်နယ်မှာ အမြန်ဆုံး ငြိမ်းချမ်းချင်ပါပြီ။ ပြီးတော့ မြစ်ကြီးနားမြို့ပေါ်မှာ လုံးဝကို လုံခြုံရေး မရှိပါဘူး။ လုယက်မှုတွေ မကြာခဏ ဖြစ်နေပါတယ်။ လုံခြုံရေးတင်းကျပ်လာဖို့လည်း မျှော်လင့်ပါတယ်။ နှစ်သစ်မှာ NLD အစိုးရအနေနဲ့ အရင်နှစ်တွေကထက်ပိုပြီး အစိုးရတစ်ရပ်အနေနဲ့ ရုပ်လုံးကြွလာအောင် လုပ်ဆောင်နိုင်ဖို့ မျှော်လင့်ပါတယ်။

**ကိုဝေဖြိုးကျော်**
**ရောရပ်ကွက်၊ မြစ်ကြီးနားမြို့**

အစိုးရသစ် တက်လာပြီးတဲ့ နောက်ပိုင်းမှာ ဖြစ်စေချင်တာက ဘယ်အချိန်ဖြစ်ဖြစ် ပြည်သူမျက်နှာကို ကြည့်ပြီး အလုပ်လုပ်ပေးကြပါလို့ ပြောချင်ပါတယ်။ ပြည်သူလူထု တင်မြှောက်ထားတဲ့ အစိုးရဖြစ်တဲ့အတွက်ကြောင့်ပါ။ ကျန်ရှိနေတဲ့သက်တမ်းအတွင်းမှာ ကချင်ပြည်နယ်အတွက် အစစအရာရာ အခုထက်ပိုပြီး ဖွံ့ဖြိုးလာအောင် လုပ်စေချင်ပါတယ်။ ဥပမာ တောင်သူတွေ မြေယာ အသိမ်းခံရတာတွေ အဲဒီလိုမျိုးပေါ့။ အားလုံးပြေလည်အောင် အစိုးရအနေနဲ့ လုပ်ပေးစေချင်ပါတယ်။

**မအေးသန္တာ**
**ပြည်ထောင်ကျေးရွာ**

လက်ရှိအစိုးရကို ၂၀၁၈မှာလုပ်စေချင်တာကတော့ပညာရေးနဲ့ပတ်သက်တာတွေကိုဦးစားပေးပြီးလုပ်စေချင်ပါတယ်။ စစ်ပွဲတွေကိုလည်းရပ်အောင်လို့ပြည်နယ်အစိုးရအနေနဲ့တစ်ဖက်တစ်လမ်းကနေ တတ်နိုင်သလောက် ပါဝင်ကူညီစေချင်ပါတယ်။ ကချင်ပြည်နယ်ကြီး ငြိမ်းချမ်းမှ ပညာရေးတွေ၊ စီးပွားရေးတွေ အကုန် တိုးတက်ဖွံ့ဖြိုးလာမှာပါ။ ၂၀၁၈ ခုနှစ်ကစပြီး ငြိမ်းချမ်းရေးအမြန်ဆုံးရဖို့ ဝိုင်းဝန်းလုပ်ဆောင်ပေးကြပါလို့ ပြည်သူတစ်ယောက်အနေနဲ့ ပြောချင်ပါတယ်။ ■

# တေးသံရှင်အသစ်တစ်ယောက်ကို ၂၀၁၈ မှာ မိတ်ဆက်ပေးဖို့ အသင့်ဖြစ်နေပြီဆိုတဲ့ ADAM Entertainment ရဲ့ဒါရိုက်တာအောင်းလာနဲ့ စကားစမြည်

ဒီအပတ်မှာတော့ ADAM ENTERTAINMENT ရဲ့ ဒါရိုက်တာတစ်ဦးဖြစ်သူ တေးသံရှင် အောင်းလာနဲ့ တွေ့ဆုံမေးမြန်းထားသည်များကို မြစ်ကြီးနားသတင်းဂျာနယ် ပရိသတ်ကြီးအတွက် ဖော်ပြပေးလိုက်ပါတယ်။






ဆိုင်းထွယ်ဂင် မေးမြန်းသည်



**မေး။ ။မင်္ဂလာပါရှင့်။ ပထမဦးဆုံးအနေနဲ့ ကိုအောင်းလာရဲ့ လက်တလောအနုပညာလှုပ်ရှားမှု လေးတွေကိုသိချင်ပါတယ်ရှင့်။**

ဖြေ။ ။၂၀၁၈ နှစ်သစ်မှာ စိတ်ဓါတ်ချမ်းသာခြင်း ကိုယ်ရဲ့ကျန်းမာခြင်းနဲ့ ပြည့်ဝပါစေလို့ ရှေးဦးစွာဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ အခုလက်ရှိ လက်ခံထားတဲ့ ကချင်၊ မြန်မာသီချင်း လက်စသတ်ရေးနေပါတယ်။ ကချင်စီးရီး Ding Yang (DVD) ထွက်ဖို့လည်းစီစဉ်နေသလို Kachin Songs Night (DVD) ထွက်ဖို့လည်း ဖယားချစီစဉ်နေပါတယ်။

**မေး။ ။ကိုအောင်းလာအနေနဲ့ Adam Entertainment မှာ တာဝန်ယူထားရတဲ့ အပိုင်းလေးကို ပြောပြပေးပါရှင့်။**

ဖြေ။ ။ADAM Entertainment မှာ ဒါရိုက်တာအဖြစ် တာဝန်ယူ ဆောင်ရွက်နေပါတယ်။

**မေး။ ။ Adam လို့အမည်ပေးဖြစ်ရခြင်း အကြောင်းရင်းနဲ့စတင်တည်ထောင်ခဲ့တဲ့ခုနှစ်လေးကိုလည်း သိချင်ပါတယ်ရှင့်။**

ဖြေ။ ။ကျွန်တော်တို့ ကျမ်းစာထဲမှာပါတဲ့ ဖန်ဆင်းခြင်းအစက ကနဦးလူအမည်ကို ယူထားခြင်းဖြစ်ပါတယ်။ ကိုယ်နဲ့တိုက်ရိုက်ပတ်သက်မှုရှိသလို ခံစားရလို့ ADAM အမည်ကို ရွေးချယ်ပြီး ပေးရခြင်းဖြစ်ပါတယ်။ တည်ထောင်ခဲ့တာကတော့ ၂၀၁၇ ခုနှစ်မှာတည်ထောင်ခဲ့တာပါ။

**မေး။ ။Adam Entertainment တည်ထောင်ဖြစ်ရခြင်း ရည်ရွယ်ချက်လေးကိုလည်း သိချင်ပါတယ်ရှင့်။**

ဖြေ။ ။ADAM Entertainment အဓိကလုပ်ဆောင်မှာကတော့ ဂီတနဲ့တိုက်ရိုက်ပတ်သက်နေတဲ့ အနုပညာလုပ်ငန်းတွေလုပ်ပါမယ်။ အတွေး၊ အမြင်၊ ခံစားမှု အသစ်ဖန်တီးမွေးထုတ်ချင်တဲ့ ရည်ရွယ်ချက်ပါ။

**မေး။ ။Adam Entertainment ကနေ ကချင်တေးစီးရီးတွေပဲ ထုတ်လုပ်သွားမှာလားရှင့်။ မြန်မာတေးစီးရီးတွေရော ထုတ်လုပ်သွားဖို့ အစီအစဉ်ရှိလားရှင့်။**

ဖြေ။ ။ထုတ်လုပ်သွားဖို့ရှိပါတယ်။ အားလုံးအတွက် ရပ်တည်သွားမှာပါ။

**မေး။ ။Adam Entertainment ကနေ ထွက်ရှိပြီးသား တေးစီးရီးတွေနဲ့ ထွက်ရှိလာမယ့်တေးစီးရီးတွေကို ပရိသတ်ကြီးနဲ့ မိတ်ဆက်ပေးပါဦးရှင့်။**

ဖြေ။ ။Ah Gyung (Myit Dik Chye Ra), Yup Seng Ing (MALAI), Mung Ra Du (Nang Hpan Ya Ai Tsaw Myit ), Awng Mung San (Marang Myi Pri), Aong Lar (Ding Yang), Wang Gam (Grai Tsaw, Grai Ra) တို့ပဲဖြစ်ပါတယ်။

**မေး။ ။၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်ညတုန်းက ကျင်းပသွားခဲ့တဲ့ KACHIN SONGS NIGHT လိုဂီတပွဲတွေ တစ်နိုင်ငံလုံးမှာ ထပ်မံကျင်းပသွားဖို့ အစီအစဉ်ရှိတယ်လို့လည်း သိရတယ်။ အဲဒီအစီအစဉ်ကို ဘယ်တော့အကောင်အထည်ဖော်ဖြစ်မလဲရှင့်။**

ဖြေ။ ။ADAM Entertainment ကနေဦးဆောင်ပြီး 2018 မှာလည်း Kachin Songs Night လိုဂီတပွဲတော်ကို ၂၀၁၈ နှစ်လယ်လောက်မှာ တစ်ပွဲကျင်းပဖို့ အစီအစဉ် ရေးဆွဲနေပါပြီ။

**မေး။ ။ထပ်မံကျင်းပသွားမယ့် ဂီတပွဲတွေမှာ ဘယ်တေးသံရှင်တွေက ထပ်မံတွေပါဝင်ဖျော်ဖြေမလဲရှင့်။**

ဖြေ။ ။ဂီတပွဲတော်မှာပါဝင်မယ့် အနုပညာရှင်တွေကိုကပွဲသေချာတဲ့အချိန်မှ ပြန်ပြောပေးပါ့မယ်။

**မေး။ ။Adam Entertainment ကနေ စီးရီးခွေတွေ အများကြီး ဖန်တီးထားတယ်။ မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာအနေနဲ့လည်း ပွဲတွေကျင်းပသွားမယ် ဆိုတော့ နောက်ထပ် ဘာတွေဆက်လုပ်သွားဖို့အစီအစဉ်ရှိလဲရှင့်။ ဗီဒီယို ဇာတ်လမ်းတွေ၊ ရုပ်ရှင်တွေ ရိုက်ကူးထုတ်လုပ်သွားဖို့ အစီအစဉ်ရှိလားရှင့်။**

ဖြေ။ ။အနုပညာရှင်အသစ်တစ်ယောက်ကို ၂၀၁၈ မှာ မိတ်ဆက်ပေးဖို့ အဆင်သင့်ဖြစ်နေပါပြီ။ တေးစီးရီးအသစ်တွေလည်း ထွက်ရှိလာမှာပါ။ ဂီတနဲ့ပက်သက်တဲ့ အလုပ်တွေပဲ လုပ်ဖြစ်သွားမှာပါ။

**မေး။ ။ကိုအောင်းလာ အနေနဲ့ ကချင်ပြည်နယ်က ကိုအောင်းလာလို အောင်မြင်တဲ့ တေးသံရှင်ဖြစ်ချင်တဲ့ ဂီတကို ချစ်မြတ်နိုးတဲ့လူငယ်လေးတွေအတွက် စကားလက်ဆောင်လေး ပြောကြားပေးပါဦးရှင့်။**

ဖြေ။ ။တစ်ဦးတစ်ယောက်ဆီတိုင်းမှာ ကိုယ်နဲ့ထိုက်တန်တဲ့ ကောင်းချီးကိုယ်စီကိုယ်င္ပေးထားပြီးသား ဖြစ်ပါတယ်။ အဲဒီကောင်းချီးကို အမိအရဖမ်းဆုပ်ပြီး ယုံကြည်ချက်နဲ့ ရည်မှန်းချက် ပန်းတိုင်ရောက်အောင် ကောင်းကြီးပေးထားတဲ့နေရာ တစ်နေရာတည်းမှာ စတည်းချ၊ ဇောက်ချ၊ အုတ်မြစ်ချပြီး မဆုတ်မနစ်တဲ့ ဇွဲလုံ့လဝီရိယအပြည့်နဲ့ အားမာန်ရာနှုန်းပြည့် ရှိတက်လျှောက်လှမ်းသွားဖို့ တိုက်တွန်းအားပေးချင်ပါတယ် ခင်ဗျ။ ကျေးဇူးတင်ပါတယ်။

ဆိုင်းထွယ်ဂင်



# 2017 Person Of The Year (Myitkyina News Journal )

**၂၀၁၇ တစ်နှစ်တာတွင် ကချင်ပြည်နယ်အတွင်းရှိ အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ အများပြည်သူ့အကျိုးကို ထိရောက်စွာဆောင်ရွက်ခဲ့သော ပုဂ္ဂိုလ်များအား မြစ်ကြီးနားသတင်းဂျာနယ်ဝိုင်းတော်သားများက ပြုစု၍ ဂုဏ်ပြု မှတ်တမ်းတင်အပ်ပါသည်။ ၂၀၁၈ ခုနှစ် တစ်နှစ်တာအတွက် ဂုဏ်ပြုထိုက်သူများကိုလည်း စနစ်တကျပြုစု၍ ဆက်လက်ဖော်ပြပါမည်။**



**ဦးတင့်စိုး**
**ဗားကန့်မြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**

ဦးတင့်စိုးသည် ကုန်ဆုံးခဲ့သည့် အစိုးရသက်တမ်းတစ်လျှောက်တွင် ပြည်သူ့အကျိုးများကို မီဒီယာများနှင့် ချိတ်ဆက်လုပ်ဆောင်ခဲ့သူ တစ်ဦးဖြစ်သည်။ ၎င်းသည် ဖားကန့်ဒေသတွင်းရှိ ပြည်သူများ သိသင့်သည့် သတင်းအချက်အလက်များအား မီဒီယာသို့ အများဆုံးနှင့် အမြန်ဆုံး ဖြေကြားပေးသူတစ်ဦး ဖြစ်ခဲ့သည်။ ထိလွယ်ရှလွယ်သည့် ဖားကန့်ဒေသတွင် လက်နက်ကိုင်များ၊ တပ်မတော်၊ ကုမ္ပဏီများနှင့် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများ အကြားတွင် ခက်ခဲစွာဖြင့် လုပ်ကိုင်ခဲ့ရပြီး ပြည်သူလူထု၏ အခက်အခဲများကို အတတ်နိုင်ဆုံး ဖြေရှင်းပေးသူတစ်ဦး ဖြစ်ခဲ့သည်။



**ဦးနော်လီ**
**ဝိုင်းမော်မြို့နယ်၊ အမှတ် ၂ မဲဆန္ဒနယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်**

ဝိုင်းမော်မြို့နယ်အတွင်း ရှိသည့် ဒေသခံပြည်သူလူထု၏ အခက်အခဲများကို မြေပြင်အခြေနေထိ လက်တွေ့ကွင်းဆင်းလေ့လာခဲ့ပြီး အခက်အခဲများကို ကူညီပေးခဲ့သူတစ်ဦး ဖြစ်သည်။ ပြည်သူလူထု၏ လိုအပ်ချက်များကို လွှတ်တော်အတွင်း ကြယ်ပွင့်ပြမေးခွန်းအဖြစ် အများဆုံး မေးမြန်းခဲ့သည့် ကိုယ်စားလှယ် တစ်ဦး ဖြစ်သည့်အပြင် အစိုးရနှင့် ပြည်သူအကြား တက်ကြွစွာ ဆက်သွယ် ဆောင်ရွက်ပေးနေသူလည်း ဖြစ်သည်။



**ဒေါ်နန်ပူ**
**ထွယ်ဂျန်ဒါ – ဒါရိုက်တာ**

ဒေါ် နန်ပူသည် အမျိုးသမီးအရေးကိစ္စရပ်များကိုလုပ်ဆောင်ရာတွင် အစဉ်တစိုက် အမျိုးသမီးများဘက်မှရပ်တည်ပြီးပြည်နယ်တွင်းခံစားနေရသည့် အမျိုးသမီးအခွင့်အရေးများကို အစိုးရနှင့်ပြည်သူလူထု သိသာ၊မြင်သာအောင် အများဆုံးဆက်သွယ်ပေးခဲ့သူတစ်ဦးဖြစ်သည်။ ၂၀၁၇ ခုနှစ်အတွင်း သူမ လုပ်ဆောင်ခဲ့သည်များအနက် တစ်ခုမှာ အမျိုးသမီးအရေးကိစ္စရပ်များကို ငြိမ်းချမ်းရေးညီလာခံတွင် ဆွေးနွေးခဲ့ခြင်း မရှိသည့် အတွက်ကြောင့် ပြည်နယ်တွင်းမှ အမျိုးသမီး ခေါင်းဆောင် ၁၀ ဦးနှင့်အတူ နေပြည်တော်ရှိပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းရင်းသားရေးရာငြိမ်းချမ်းရေးကော်မတီတို့နှင့် တွေ့ဆုံခဲ့ပြီးတိုက်ပွဲများဖြစ်ပွားနေသည့် ကချင်ပြည်နယ်အတွင်းရှိ အမျိုးသမီးများ၏ လုံခြုံရေးကို တင်ပြနိုင်ခဲ့သည်။ ငြိမ်းချမ်းရေးမူဘောင်ကို ပြင်ဆင်သင့်ကြောင်းတို့ကို ဥပဒေနှင့် အထူးကိစ္စရပ်များ စိစစ်ရေး ကော်မတီနှင့်လည်း ဆွေးနွေးခဲ့သည်။



**ကိုစိုင်းအိုက်ပီး**
**ပြည်ထောင်စုမြန်မာနိုင်ငံလုံးဆိုင်ရာ သျှမ်းလူငယ်ကွန်ယက် – ဗဟိုအလုပ်အမှုဆောင်**

သျှမ်းလူငယ်တစ်ဦးဖြစ်သည့် ကိုစိုင်းအိုက်ပီးသည် သျှမ်းလူငယ်များနှင့်အတူ ကွန်ရက်တစ်ခု ဖွဲ့စည်းကာ ပရဟိတလုပ်ငန်းများနှင့် လူငယ်များကို သဘာဝပတ်ဝန်းကျင်အား ချစ်မြတ်နိုးစေရန်အတွက် လက်တွေ့ကွင်းဆင်းလေ့လာမှုများ လုပ်ဆောင်နေသူ ဖြစ်သည်။ ၂၀၁၃ ခုနှစ်မှ စတင်ဖွဲ့စည်းခဲ့သည့် အထက်ပါကွန်ရက်သည် နှစ်နှစ်လျှင် တစ်ကြိမ်ခန့် ညီလာခံကြီးတစ်ရပ် ကျင်းပနေကြပြီ ဖြစ်သည်။



**ဒေါ်ဆာလီထွေ**
**အထက်တန်းရှေ့နေ**

အသက် ၂၈ နှစ်သာ ရှိသေးသည့် ဒေါ်ဆာလီထွေသည် အမျိုးသမီးအရေး၊ ကလေးသူငယ်နှင့် ပတ်သက်သည့် အရေး၊ လူကုန်ကူးမှု အရေးကိစ္စများကို အကျိုးဆောင်ခမယူဘဲ မေတ္တာဖြင့် ကူညီဆောင်ရွက်ပေးနေသည့် အထက်တန်းရှေ့နေတစ်ဦး ဖြစ်သည်။ ၂၀၁၇ ခုနှစ်အတွင်း သူမလုပ်ဆောင်ခဲ့သည့် ကိစ္စရပ်များအနက် တစ်ခုမှာ သက်ငယ်မုဒိမ်းမှုတစ်ခုအား ဝင်ရောက်အကျိုးဆောင်ပေးခဲ့ခြင်းကြောင့် တရားခံကို ထောင်ဒဏ် ၁၀ နှစ် ချမှတ်နိုင်ခဲ့သည့်အပြင် အခြားအမှုနှစ်ခုကိုလည်း ထိရောက်ဟန့်တားသော ပြစ်ဒဏ်များ ကျခံစေအောင် စွမ်းဆောင်နိုင်ခဲ့သည်။



**ဒေါ်ဂျာခေါ်နန်**
**မြစ်ဆုံအရေး တက်ကြွလှုပ်ရှားသူ၊ ကချင်လူမှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့(MRJ)**

ဒေါ်ဂျာခေါ်နန်သည် နိုင်ငံတော်အစိုးရက မြစ်ဆုံရေကာတာ စီမံကိန်း လုပ်ဆောင်ရန် စတင်ခဲ့သည့် အချိန်မှ စတင်ပြီး ယနေ့အချိန်ထိ ကန့်ကွက်သူတစ်ဦးအဖြစ် အကြိမ်ပေါင်းများစွာ ရှေ့ဆုံးမှလှုပ်ရှားနေသူတစ်ဦး ဖြစ်သည်။ ထိုဆန္ဒပြကန့်ကွက်မှုကို အကြိမ်ကြိမ် ပြုလုပ်ခဲ့ခြင်းကြောင့် မြစ်ဆုံအရေးကို ကမ္ဘာသိသည်အထိ ဖြစ်ခဲ့သည်။ ယင်းသို့ဆန္ဒပြခြင်းကြောင့် မြစ်ဆုံရေကာတာ ဆောက်လုပ်မည့်တရုတ်ကုမ္ပဏီ(CPI)က ၎င်းတို့မိသားစုအား ဆန့်ထောက်ပံ့မှုရပ်ဆိုင်းခံခဲ့ရသူဖြစ်သည်။



**အက်စ်တာ**
**အရပ်ဘက် လူ့အဖွဲ့အစည်း ငြိမ်းချမ်းရေး ကွန်ရက် – ညှိနှိုင်းရေးမှူး**

မအက်စတာသည် ကချင်ပြည်နယ်တွင်းရှိ လူ့အဖွဲ့အစည်းများပြုလုပ်သည့် ငြိမ်းချမ်းရေးဖိုရမ်များတွင် တက်ကြွလှုပ်ရှားသူ တစ်ဦးအဖြစ် ပါဝင်နေသော အသက် ၂၉ နှစ်အရွယ် အမျိုးသမီးတစ်ဦး ဖြစ်သည်။ သူမသည် ငြိမ်းချမ်းရေးဖိုရမ်များတွင် လက်ရှိဖြစ်ပေါ်နေသည့် ငြိမ်းချမ်းရေး ဖြစ်စဉ်များကို အဓိကထား ဟောပြောဆွေးနွေးခဲ့သည်။ ထို့အပြင် စစ်ဘေးရှောင် ပြည်သူများအတွက်လည်း တစ်ဖက်တစ်လမ်းမှ အလှူငွေရှာဖွေပေးခြင်းအပြင် အခြေခံဥပဒေဆိုင်ရာ သဘောတရားနှင့် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေအား သိနားလည်စေရန် သင်တန်းများ ပို့ချပေးနေသည့် လူငယ်တစ်ဦး ဖြစ်သည်။

မြစ်ကြီးနားသတင်းဂျာနယ်
(ဇန်နဝါရီ ၁၂ - ဇန်နဝါရီ ၁၈၊ ၂၀၁၈ )

# ၂၀၁၇ ခုနှစ် ကချင်ပြည်နယ်မှ ထွက်ရှိသော Mister & Miss များ

- Miss Summer Myanmar 2017 - Sarah Fish
Miss F.M.F Myanmar 2017 - W မေရှင်းစိန်
Miss Global Myanmar 2017 - L ခေါန်ဆန့်
Miss Tourism and Culture Universe Myanmar 2018 - နော်ဒူးဒူ
Miss Universe Myitkyina 2017 - ရှိစလင်း ဆိုင်းနူးနူးပန်
Miss Universe Monyin 2017 - နုရွှေရည်ဖြိုး
Miss Universe Phakant 2017 - လင်းလင်
Miss Sea World Myitkyina 2017 - ဝင်းသီရိအောင်
Miss Eco Myitkyina 2017 - အိန်ဂျယ်ရီဆန်း
Miss Eco Taungyi 2017 - ဝေရှိန်းစက်

- Mister Global Myanmar 2017 - ပိုင်စိုးထွန်း
Mister Global Myitkyina 2017 - M ထွယ်ဆန်အောင်
Mister Global Myitkyina 2018 - ကျော်စွာလင်း
Man Of The Year Myanmar 2017 - မုန်အောင်
Mister Sea World Myitkyina 2017 - တီဆန်းဆုန်းဝမ်
Mister Eco Myitkyina 2017 - ယောတိန်
Mister United Continents Phakant 2018 - မျိုးအောင်
Mister United Continents Myitkyina 2018 - စိုင်းလင်းလင်းအောင်
Mister United Continents Mohnyin 2018 - မျိုးမြင့်
Mister United Continents Bhamo 2018 - နေဝင်းသန့်
Mister United Continents Putato 2018 N - N ဆွတ်ဆိုင်း

Mrs Queen Of The World Kachin State Classic Winner - နီနီအောင်
- Mrs Queen Of The World Kachin State Standard Winner - ဖဟဲလွမ်းနော
Mrs Queen Of The World Hpakhant Classic Winner - ငြိမ်းထက်ဝင်း
Mrs Queen Of The World Hpakhant Standard Winner - သစ္စာဝင်းညွန့်
Mrs Queen Of The World Myitkyina Classic Winner - မေရီဂျာဒူ
Mrs Queen Of The World Wingmaw Classic Winner - ပန်းတိမ်

Miss Trans Grand International Myanmar 2018 Kachin State Winner - ဂျာစင်ထွယ်
- Miss Trans Grand International Myanmar 2018 HpaKhant Winner - အိန်ဂျယ်ဆိုင်း
Miss Trans Grand International Myanmar 2018 Bhamo Winner - ဂျူဂျူဧကာ

# ၂၀၁၇ ခုနှစ်အတွင်း ကျော်ကြားခဲ့သော အနုပညာ သတင်းများ

၁။ ဒါရိုက်တာ JZ ဒေါင်လွတ်ား ရိုက်ကူးခဲ့သော မနောမြေမှ ကျောက်စိမ်းကမ္ဘာ ရုပ်ရှင်ဇာတ်လမ်းသည် ၂၀၁၆ ခုနှစ်အတွက်ရုပ်ရှင်ထူးချွန်ဆု အကယ်ဒမီပေးပွဲတွင် အကယ်ဒမီအထူးဆု ရရှိခဲ့သည်။
၂။ ကချင်ပြည်နယ်တွင် ဖြစ်ပွားနေသော ပဋိပက္ခများကို ပုံဖော်ထားသည့် ဒါရိုက်တာ JZ ဒေါင်လွတ်ား ရိုက်ကူးခဲ့သော တိမ်ပြာသောနေ့ ရုပ်ရှင်ဇာတ်လမ်းသည် လူမှုကွန်ယက်ပေါ်တွင် လူပြောအများဆုံး သတင်းတစ်ပုဒ်ဖြစ်ခဲ့သည်။
၃။ ကချင်တိုင်းရင်းသူ မိုင်မိုင်ဆိုင်းသည် ၂၀၁၇ ခုနှစ်အတွင်း ကျင်းပသည့် Myanmar Idol အဆိုပြိုင်ပွဲတွင် Top 5 အထိ တက်လှမ်းနိုင်ခဲ့သည်။
၄။ အလှမယ် ရှိစလင်းဆိုင်းနူးနူးပန်သည် Miss Universe Myanmar အလှမယ်ပြိုင်ပွဲတွင် 4th Runner Up ဆုရှင်ဖြစ်ခဲ့သည်။
၅။ အောင်လအင်ဆန်သည် စိန်ခေါ်သူအလိန်းဂလာနီကို တစ်ချီတည်းဖြင့် အနိုင်ယူထိုးသတ်နိုင်ခဲ့သည်။







# ၂၀၁၇ ခုနှစ်အတွင်း အထူးချွန်ဆုံး၊ အကျော်ကြားဆုံးသော ကချင်ပြည်နယ်သား အနုပညာရှင်များ

| | |
|---|---|
| အမျိုးသား တေးသံရှင် | - Ah Gyung, Nor Ni, Ah Ba di |
| အမျိုးသမီး တေးသံရှင် | - ဂျာဆန်လု၊ လုပန်ခေါင်၊ Esabel ဂျာဘောက်၊ မိုင်မိုင်ဆိုင်း (Myanmar Idol) |
| တေးရေး | - Aong Lar (Soul), Ah Ba Di, Ah Tang |
| Player | - Endeavour Band, Marvelous Band |
| ဒါရိုက်တာ | - JZ ဒေါင်လွတ်ား၊ ခွန်းလီ၊ မျိုးအောင်လီ |
| မင်းသမီး | - ဂျာဆိုင်းအိန် |
| မင်းသား | - Langa Seng Lawt |
| မင်းသားကြီး | - ဇော်ဝိန် |
| မင်းသမီးကြီး | - အယ်လ်ဂျာတောင် |
| အလှမယ် (Miss ) | - အိန်ဂျယ်လမုန်၊ ဂျာဒင်ကိုင် (အားကိုင်) |
| Mister | - ပိုင်စိုးထွန်း၊ မုန်အောင် |
| Model ( Female) | - အောန်ဆိုင်း၊ M ဆိုင်းလု၊ J Naw |
| Model ( Male) | - မုန်ထွယ်အောင်၊ ခွန်းဆိုင်း |

ဆိုင်းထွယ်ဇင် စုစည်းတင်ဆက်သည်။






# ဒါရိုက်တာ ဒီထဲဒီ၏ ရဝမ်စကားပြော မြန်မာစာတန်းထိုးဇာတ်ကား ရုံတင်တော့မည်

ဇန်နဝါရီ ၈

ကချင်တိုင်းရင်းသား ရဝမ်လူမျိုးဖြစ်သည့် ဒါရိုက်တာ ဒီထဲဒီ ပိုဖော်ရိုက်ကူးထားသော GILA(ဂီလာ)ဟု အမည်ပေးထားသည့် ရုပ်ရှင်ဇာတ်ကားကို ဇန်နဝါရီ ၁၉ ရက်မှ ၂၅ ရက်အထိ မြစ်ကြီးနားမြို့ရှိ ရောရုပ်ရှင်ရုံတွင် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရဝမ်စကားပြော မြန်မာစာတန်းထိုးရုပ်ရှင်ကို D Star Film Production က တာဝန်ယူရိုက်ကူးထားခြင်း ဖြစ်ပြီး ဇာတ်လမ်းနှင့်ဇာတ်ညွှန်းကို ဒါရိုက်တာဒီထဲဒီက ရေးသားထားကာ အဓိက ဇာတ်ဆောင်များအဖြစ် D ခင်ရမ်၊ W အဆင်၊ ထမူဇီရမ်၊ ချန်းဆိန်းရမ်တို့ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ရုပ်ရှင်ဇာတ်လမ်း ခေါင်းစဉ်ဖြစ်သည့် GILA ၏ အဓိပ္ပာယ်မှာ ရဝမ်ဘာသာစကားအရ အရာရာကို အောင်မြင်အောင် လုပ်ဆောင်နိုင်သော စိတ်ဓာတ်ရှိသူဟု အဓိပ္ပာယ်ရပြီး ဇာတ်လမ်းအကျဉ်းမှာ အေဒီ ၁၅၊ ၁၆ ရာစုခန့်က မွန်ဂိုလီးယား တိဗက်ကုန်းမြင့်ဘက်မှ မြန်မာနိုင်ငံသို့ပြောင်းရွှေ့လာသောမိသားစုတစ်စုအကြောင်း ဖြစ်သည်။

ဇာတ်လမ်းထဲ၌ အဆိုပါ မိသားစုသည် လမ်းခရီးတွင် မိခင်ကျန်းမာရေးကြောင့် နားခိုနေစဉ် အင်အားကြီးလူတစ်စု၏ တိုက်ခိုက်မှုကိုခံရကာ မင်းသားနှင့် အပေါင်းအပါများက ပြန်လည်ကယ်တင်ခြင်းအကြောင်းကို ဖော်ပြထားသော ရိုးရာ အချစ်အက်ရှင်ဇာတ်လမ်းဖြစ်ကြောင်း ဒါရိုက်တာ ဒီထဲဒီက ပြောသည်။

"ဒီထက်မက အရည်အသွေး ပြည့်မီကောင်းမွန်တဲ့ ဇာတ်လမ်းတွေ ဖြစ်တည်လာဖို့ ပရိသတ်ရဲ့အားပေးမှုက အရေးကြီးဆုံးပါ။ ဒါမှလည်း ခြားနားတဲ့မြန်မာ့ရုပ်ရှင်တွေ ထွက်ပေါ်လာနိုင်ပြီး မြန်မာ့ရုပ်ရှင် မြင့်တင်ရေးမှာလည်းတစ်ဖက်တစ်လမ်းက ပါဝင်ရာရောက်မှာပါ။ ဒီဇာတ်လမ်းလေးကိုလည်း ဝေဖန်အားပေးကြပါလို့ ပြောချင်ပါတယ်"ဟု ဒါရိုက်တာဒီထဲဒီက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။




GILA ရုပ်ရှင်ဇာတ်ကားသည် D Star ရုပ်ရှင်ထုတ်လုပ်ရေး၏ ပထမဦးဆုံးသော ဇာတ်ကားဖြစ်ကြောင်း၊ အခြား ရုပ်ရှင်ဇာတ်ကားကောင်းများကိုလည်း ထပ်မံဖန်တီးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆိုင်းထွယ်ဇင်

မြစ်ကြီးနားသတင်း ဂျာနယ်ရုံးခွဲများ

(၁) ပူတာအိုအရောင်းကိုယ်စားလှယ် ဖုန်း – ၀၉၂၅၉၂၁၄၈၆၃၊ ၀၉၄၇၀၈၄၄၆၇၊ ၀၉၄၅၈၄၂၆၅၀၅

(၂) ဗန်းမော်အရောင်းကိုယ်စားလှယ် ဖုန်း – ၀၉၂၅၉၁၂၂၅၀၅၊ ၀၉၂၆၄၃၉၈၉၀၄

(၃) မိုးညှင်းရုံးခွဲအမှတ် (၂/၁၄၇)၊ အောင်သပြေရပ်ကွက်(၂)၊ ဈေးအနီးအရှေ့ပေါက်၊ မိုးညှင်းမြို့။ ဖုန်း – ၀၉၄၅၄၃၂၇၂၅၉


ABC
EXTRA STOUT
ဆုမဲများကို ၂၀၁၈ ဖေဖော်ဝါရီလ ( ၂၈ ) ရက် ထိသာ လဲလှယ်နိုင်သည်။
၂၀၁၇ ဒီဇင်ဘာလ (၁၅) ရက်မှ ပစ္စည်းလက်ကျန်ရှိသည့် အချိန်ထိသာ
တောင်ကြီး၊ မြစ်ကြီးနားမြို့သီးသန့် (အခြားမြို့များရှိ ရုံးခွဲများတွင် ဆုမဲလဲလှယ်၍မရနိုင်ပါ)
ထူးခြားခမ်းနားတဲ့အရသာနဲ့
ကျပ်သိန်းပေါင်း ၃၀၀၀ ကျော်
ငွေသားကံစမ်းမဲများ
VX
ငါးသောင်းကျပ်
CAN
ABC တစ်ဗူး
AT
တစ်ထောင်ကျပ်
HK
ငါးရာကျပ်
0
ကျေးဇူးတင်ပါသည်
PREMIUM STOUT · CRAFTING GREATNESS
ARCHIPELAGO BREWERY COMPANY
ABC
EXTRA STOUT
INTERNATIONAL AWARD WINNING STOUT
ကံစမ်းမဲပါသည်
ကံစမ်းမဲပါသည် ရိုက်နှိပ်ထားသော သံဗူးကို ဝယ်ယူပါ။
ABC Extra Stout သံဗူးများ၏ သံဗူးကွင်း အတွင်းဘက်ကို ကြည့်ပါ။
မည်သည့်ဆု ကံထူးသည်ကို အထက်ပါ ကုဒ်ဖြင့် တိုက်ကြည့်ပါ။
စည်းကမ်းသတ်မှတ်ချက်များ
၁ ABC Extra Stout ကံစမ်းမဲအား အသက် (၁၈)နှစ်ပြည့်ပြီးသူများသာ ပါဝင်ကံစမ်းနိုင်ပါသည်။
၂ ဆုမဲ ၅၀၀၀၀ ကျပ် အပါအဝင်၊ ၁၀၀၀ ကျပ်၊ ၅၀၀ကျပ် နှင့် ဘီယာဗူးလက်ဆောင်များကို ဝယ်ယူသည့်အရောင်းဆိုင်များတွင် တစ်ခါတည်းထုတ်ယူနိုင်ပါသည်။ မဲပေါက်သော သံဗူးများအား မဲမပါသောရိုးရိုးသံဗူးများဖြင့်သာ လဲလှယ်ပေးပါမည်။ တောင်ကြီး၊ မြစ်ကြီးနားမြို့များရှိ ရုံးခွဲများတွင်သာ ဆုမဲလဲလှယ်နိုင်သည်။
၃ ဆုမဲ အတုအပ ပြုလုပ်လဲလှယ်လျှင် ဥပဒေအရ ထိရောက်စွာ အရေးယူခံရမည်ဖြစ်သည်။ အငြင်းပွားဖွယ်ရာ ပေါ်ပေါက်ပါက ABC Extra Stout ၏ ဆုံးဖြတ်ချက်သာ အတည်ဖြစ်သည်။
၄ Heineken Myanmar ကုမ္ပဏီမှ ဝန်ထမ်းများ ပါဝင်ကံစမ်းခွင့်မရှိပါ။
+18 ABC EXTRA STOUT အား ဆင်ခြင်၍ သောက်သုံးစေလိုပါသည်

# ၂၀၁၇ လှည့်ကြည့်ခြင်း

A

Salai စုစည်းသည်

## ဇန်နဝါရီ

**၈ ရက်** - ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စရန်ဟီးလီ(yanghee lee)သည် ဒုတိယအကြိမ်မြောက် ကချင်ပြည်နယ် ခရီးစဉ်အဖြစ် ဇန်နဝါရီ ၈ ရက်နေ့တွင် ရောက်ရှိလာခဲ့ပြီး အသစ်ခိုလှုံတိမ်းရှောင်လာသည့် အောင်ရာ၊ ဆမ်ပိုင်၊ မလိယန်၊ ဂါးရာယန် စသည့်တို့မှ စစ်ရှောင်ပြည်သူများအား တွေ့ဆုံကာ စစ်ရှောင်ကလေးများ ပညာ ဆက်လက်သင်ကြားနိုင်ရေးအတွက် အဓိကဆွေးနွေးခဲ့သည်။ ထို့အပြင် ဇန်နဝါရီ ၉ ရက်တွင် ကချင်ပြည်နယ်အစိုးရအဖွဲ့ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် လည်းကောင်း၊ ဇန်နဝါရီ ၁၀ ရက်တွင် ဗိုင်းမော်မြို့နယ်ရှိ မိုင်းနားစစ်ရှောင်စခန်းနှင့် မြစ်ကြီးနားမြို့ရှိ ဂျန်မိုင်ကောင်း စစ်ရှောင်စခန်းရှိ ပြည်သူများနှင့် တွေ့ဆုံကာ ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

**၁၀ရက်**- ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် ကျရောက်သည့် ၆၉ နှစ်မြောက် ကချင်ပြည်နယ်နေ့တွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်က သဝဏ်လွှာပေးပို့ခဲ့သည်။

**၁၁ရက်**- မြစ်ဆုံဒေသမှ ကလေးသူငယ်များ၏ ပဋ္ဌမကြိမ်မြောက် ပန်းချီပြပွဲ အခမ်းအနားကို မြစ်ကြီးနားမြို့ရှိ YMCA ခန်းမတွင် သုံးရက်ကြာ ကျင်းပခဲ့သည်။

**၁၃ရက်**- ဗိုင်းအောင်/မုန်ဂါဇွပ် စစ်ရှောင်စခန်းအနီးဝန်းကျင်တွင် မော်တာကျည် ကျရောက်ပေါက်ကွဲမှုနှင့် အပြန်အလှန် ပစ်ခတ်တိုက်ခတ်သံများကြောင့် စစ်ရှောင်ပြည်သူတို့ အထိတ်တလန့်ဖြစ်ကာ ထိုနေရာမှ အစုလိုက် ထွက်ခွာခဲ့ကြသည်။

**၁၄ရက်** - အင်ဒိုနီးရှားနိုင်ငံ၊ဂျာကာတာမြို့၌ MMA မစ်ဒယ်ဝိတ်တန်းကမ္ဘာ့ချန်ပီယံလုပွဲအဖြစ် အောင်လအင်ဆန‌နှင့်ဘစ်ဒက်ရှ်တို့ထိုးသတ်ခဲ့ကြရာ ရုရှားနိုင်ငံသား ဘစ်ဒက်ရှ်က လက်ရည်အသာစီးဖြင့်ထိုးသတ်နိုင်ခဲ့ပြီး အမှတ်ဖြင့်အနိုင်ရကာ လက်ရှိချန်ပီယံခါးပတ်ကို ကာကွယ်ခဲ့သည်။

**၁၄ရက်**- ပထမဆုံးအကြိမ် ကချင်ပြည်နယ် Nothern Green Bike ဖလား Mountain Bike နှင့် Road Bike ဖိတ်ခေါ် စက်ဘီးစီးပြိုင်ပွဲကို ဇန်နဝါရီ ၁၄ ရက်တွင် မြစ်ကြီးနားမှမြစ်ဆုံသို့လည်းကောင်း၊ ဇန်နဝါရီ ၁၆ ရက်တွင် မြစ်ကြီးနားမှ နမ္မတီးသို့လည်းကောင်း အသွားအပြန် စက်ဘီးစီးပြိုင်ပွဲ ကျင်းပခဲ့သည်။

**၁၈ရက်** – ဖားကန့်မြို့နယ် နမ္မဖြစ်ကျေးရွာ အလယ်တန်းကျောင်းမှ ကျောင်းဆရာဦးအောင်ဇင်ထွန်းအား လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့က သေနတ်ဖြင့် ပစ်သတ်ခဲ့သည်။ ၎င်း၏ဈာပနအခမ်းအနားကို ထိုလ ၂၀ ရက်နေ့တွင် မိုးညှင်း၊ မိုးကောင်းမှ ပညာရေးဝန်ထမ်းအယောက် ၅၀၀၀ ခန့်က လိုက်ပါပို့ဆောင်ကြသည်။ ၎င်းသေဆုံးမှုနှင့်ပတ်သက်၍ အမှုမှန်ပေါ်ပေါက်ရေးအတွက် ၂၃ ရက်နေ့တွင် ရန်ကုန်၊ မန္တလေးမြို့ကြီးများတွင် ဆရာ၊ဆရာမများ ဆန္ဒဖော်ထုတ်ကြသည်။

**၁၉ရက်**- စေတနာ့ဝန်ထမ်း ဆရာမနှစ်ဦး အသတ်ခံရမှု ၂ နှစ်ပြည့် အောက်မေ့သတိရ ဆုတောင်းပွဲ အခမ်းအနားကို ကောင်းခါးတွင် ပြုလုပ်ခဲ့သည်။

**၂၁ ရက်**- မန်စီမြို့နယ်၊ ပန်းထန်ဒေသတွင် မြန်မာ့တပ်မတော်နှင့် ကေအိုင်အေတို့သည် ဇန်နဝါရီလ ၂၁ ရက်တွင် ပြင်းထန်သည့်တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ ဗိုင်းမော်မြို့နယ်တွင် ဗိုင်းအောင်နှင့်အောင်ရာကျေးရွာ ပတ်ဝန်းကျင်တွင် မြန်မာ့တပ်မတော်နှင့် ကေအိုင်အေတို့အကြား တိုက်ပွဲများ ဖြစ်ပွားခြင်းကြောင့် မိုင်းနားကျေးရွာရှိ ကချင်နှစ်ခြင်း ခရစ်ယာန် စစ်ရှောင်စခန်းတွင် ဒုက္ခသည် ၂၀၀ ခန့် ထပ်မံရောက်ရှိလာခဲ့သည်။

**၂၂ ရက်**- မြစ်ကြီးနားတက္ကသိုလ်၏ ၁၆ ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို သုံးရက်ကြာကျင်းပခဲ့ပြီး ဘွဲ့ယူသည့် ကျောင်းသား/ကျောင်းသူ နှစ်ထောင်ခန့် ရှိခဲ့သည်။

**၂၃ရက်**- ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးအတွက်မိုးညှင်းမြို့နယ်နန်းမားကျေးရွာမှအသက်၇၁နှစ်အရွယ်ဦးလှသောင်းကမိုးညှင်းမြို့ပေါ်၌တစ်ကိုယ်တော်လှည့်လည်ဆန္ဒဖော်ထုတ်ခဲ့သည်။

**၂၃ရက်** - အစိုးရသစ်လက်ထက်တွင် ပထမဆုံးအကြိမ်အဖြစ် မြစ်ကြီးနားခရိုင်အတွင်းရှိ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များအား မြစ်ကြီးနားမြို့ရှိ မိုးလုံလေလုံ အားကစားရုံတွင် တရားဝင်လိုင်စင်များ ပြုလုပ်ပေးခဲ့သည်။

**၂၅ရက်**- ကချင်တစ်မျိုးသားလုံးဆိုင်ရာ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ (အကြို)ကို ကချင်နိုင်ငံရေးပါတီများ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရေးကော်မတီ (KPCC)က ဦးဆောင်ကာ မြစ်ကြီးနားရှိ မနောင်ကွင်းတွင် ဇန်နဝါရီ ၂၅ နှင့် ၂၆ ရက်တွင် ကျင်းပခဲ့သည်။

**၃၁ရက်**- မြစ်ကြီးနားမြို့ရှိ Palm Spring Hotel တွင် မြန်မာနိုင်ငံရှိ ရေအားလျှပ်စစ်စီမံကိန်း၏ မဟာဗျူဟာမြောက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်ချက်နှင့် စပ်လျဉ်း၍ ဧရာဝတီမြစ်ဝှမ်းဒေသရှိ ဘက်စုံကဏ္ဍမှ ပါဝင်ပတ်သက်သူများ၏ အခြေခံတိုင်းတာချက်အပေါ် ဆန်းစစ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲဟူသောခေါင်းစဉ်ဖြင့် ဇန်နဝါရီ ၃၀ ရက်တွင် ပြုလုပ်ခဲ့ရာ မြစ်ဆုံဒေသခံအချို့က Palm Spring Hotel ရှေ့သို့ လာရောက်ပြီး ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။

## ဖေဖော်ဝါရီ

**၂ရက်**- မိုးညှင်းမြို့တွင် ရှမ်းတိုင်းရင်းသားတစ်ရပ်လုံး၏ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲအကြိုကို စိမ်းလဲ့ရတနာခန်းမတွင် ပြုလုပ်ခဲ့သည်။

**၄ရက်**- မိုးညှင်းမြို့တွင် ပထမဆုံးအကြိမ် Miss Universe ပြိုင်ပွဲကို အစိုးရနည်းပညာကောလိပ်ကျောင်းရှေ့ခန်းမတွင် ကျင်းပခဲ့သည်။

**၅ရက်**- ဖေဖော်ဝါရီ ၅ ရက်တွင် ကျရောက်သော ၅၇ နှစ်မြောက် ကချင်တော်လှန်ရေးနေ့အခမ်းအနားကို ကချင်လွတ်လပ်ရေးအဖွဲ့(KIO)ပဟိုဌာနချုပ်ရှိရာ လိုင်ဇာမြို့နှင့် နေရာ ၇ နေရာတွင် ဂုဏ်ပြုအခမ်းအနား ကျင်းပခဲ့သည်။

**၇ရက်**- တနိုင်းမြို့တွင် ကချင်တိုင်းရင်းသားများ စုပေါင်းနတ်ကျော့ရိုးရာပွဲကို ဖေဖော်ဝါရီ ၇ ရက်မှ စတင် ပြုလုပ်ခဲ့သည်။

**၁၄ရက်** - ကိုယ်အင်္ဂါမသန်စွမ်းသူများအဖွဲ့သည် ပြည်တွင်းငြိမ်းချမ်းရေးကို တောင်းဆိုသည့်အနေဖြင့် မြစ်ကြီးနားမှ နေပြည်တော်သို့ ငြိမ်းချမ်းရေး Wheel Chair ရထား ခေါင်းစဉ်ဖြင့် ကားလမ်းမကြီးအတိုင်း ဖေဖော်ဝါရီ ၁၄ ရက်မှ စတင်ကာ ထွက်ခွာခဲ့ကြသည်။

**၉ရက်**- ဖားကန့်မြို့နယ် ဆိပ်မူအုပ်စုရှိ နမ့်မော်ကျေးရွာ၏မြောက်ဘက် မင်္ဂလာတော်ဝင်လုပ်ကွက်ဘေးတွင် ကမ်းပါးပြို၍ ရေမဆေး ၉ ဦး သေဆုံးခဲ့သည်။

**၉ရက်**- မြစ်ကြီးနား ကြက်ပေါင်ခြံရပ်ကွက်တွင်ရှိသည့် အိမ်ဈေးဆိုင်တွင် ဈေးရောင်းနေသော အသက် ၂၄ နှစ် အရွယ် မလိဆန်ပန်သည် ဓားဖြင့် ၁၉ ချက်တိတိ ထိုးသွင်းအသတ်ခံခဲ့ရသည်။

**၁၀ရက်**- မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် သံအမတ်ကြီး Scot Maciel သည် ဒုတိယအကြိမ်အဖြစ် ကချင်ပြည်နယ်သို့ လာရောက်ကာ အစိုးရအဖွဲ့၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ စစ်ရှောင်ပြည်သူများ၊ ဘာသာရေးခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

**၁၂ရက်**- တရားမဝင် ကျောက်စိမ်းတုံးများ တင်ဆောင်၍ ရွှေကို - မြစ်ကြီးနား ပြည်ထောင်စု ကားလမ်းမကြီးအတိုင်း သွားနေသည့် ကား ၉ စီးကို မိုးညှင်းမြို့ အမှတ် ၉၀၄ အမြောက်စစ်ဆင်ရေးကွပ်ကဲရေးမှူးချုပ်က ဖမ်းဆီးသွားခဲ့သည်။

**၂၀ရက်**- မြစ်ကြီးနားမြို့တွင် ဖေဖော်ဝါရီလ ၂၀ ရက် ညက မိုးသီးကြွေခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ လေပြင်းများ တိုက်ခိုက်ခြင်းတို့ ဖြစ်ပွားခဲ့ပြီး ထိုသို့မိုးသီးကြွေကျခြင်းကြောင့် ကြော်ငြာဆိုင်းဘုတ်များ၊ လျှပ်စစ်မီးတိုင်များ၊ သစ်ပင်များ ပြိုလဲ ပျက်စီးခဲ့သည်။

## မတ်လ

**၁ ရက်**- နေပြည်တော်တွင် နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ် ကောင်စီ (UNFC) ခေါင်းဆောင်ပိုင်းများ တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ခဲ့ကြသည်။

**၃ရက်**- UNFC၏ နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့(DPN)နှင့် အစိုးရငြိမ်းချမ်းရေး ကော်မရှင်တို့သည် ရန်ကုန်မြို့တွင် တွေ့ဆုံခဲ့ကြပြီး UNFC ဘက်မှ တောင်းဆိုထားသည့်အချက်ကိုးချက်ကို မူအားဖြင့် သဘောတူညီမှု ရရှိခဲ့ကြကြောင်း ၎င်းတို့ အဖွဲ့နှစ်ဖွဲ့လုံးက သဘောထားထုတ်ပြန်ခဲ့သည်။

**၄ရက်**- တနိုင်း၊ ဟူးကောင်းဒေသတွင် ယုဇနကုမ္ပဏီမှ လယ်ယာမြေများကို ပြန်လည်ရရှိရေးအတွက် ရွာပေါင်း ၂၄ ရွာမှ တောင်သူလယ်သမား ၅၀၀ ခန့်က ဝါရာဇွပ် ကျေးရွာတွင် ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

**၄ရက်**- မြစ်ကြီးနားမြို့နယ်နှင့် ဗိုင်းမော်မြို့နယ်ရှိ စစ်ရှောင်စခန်းမှ တာဝန်ခံ ၄၀ ဦးတို့သည် ပြည်ထောင်စု ဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးနှင့် မတ်လ ၄ ရက်တွင် မြစ်ကြီးနားမြို့ရှိ စုပေါင်းရုံး၌ တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ခဲ့ကြသည်။

**၅ ရက်**- မြစ်ကြီးနားမြို့နယ်၊ ရန်ကြီးအောင်ရပ်ကွက်ရှိ မိုးလေဝသနှင့် ဇလဗေဒရုံးအတွင်း နေထိုင်သည့် မိုးလေဝသနှင့်ဇလဗေဒ ဒုဦးစီးမှူးတစ်ဦးသည် နေအိမ်မီးဖိုအနီးတွင် ဂက်(စ်)အိုးအား ဂက်(စ်)ဖြည့်သွင်းနေစဉ် ပေါက်ကွဲမှုဖြင့် သေဆုံးခဲ့သည်။

**၇ရက်** - ကချင်ပြည်နယ် အစိုးရအဖွဲ့က မတ်လ ၆ ရက်တွင် KIO သို့ စာတစ်စောင်ပေးပို့ခဲ့သည်။ ပေးပို့စာတွင် KIA(ကချင်) အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ဟု ရေးသားပေးပို့ထားပါသည်ဟု ဗိုလ်ချုပ်ဂွမ်မော်က ၎င်း၏ လူမှုကွန်ယက်စာမျက်နှာတွင် မတ်လ ၇ ရက်က ဖော်ပြခဲ့သည်။

**၁၁ရက်**- မြစ်ကြီးနား - မန္တလေး မီးရထားအချိန်များကို မတ်လ ၁၀ ရက်မှ စတင်ကာ ပြောင်းလဲ ပြေးဆွဲခဲ့သည်။

**၁၄ရက်** - အပြည်ပြည်ဆိုင်ရာ မြစ်ချောင်း၊ အင်းအိုင်များနေ့ အထိမ်းအမှတ်အဖြစ် မြစ်ဆုံတွင် အရပ်ဖက် အဖွဲ့အစည်းများနှင့် မြစ်ဆုံဒေသခံများက ဧရာဝတီမြစ် ထာဝရစီးဆင်းရေးအတွက် ဝါးဖောင်များမျှောကာ ဆန္ဒပြခဲ့ကြသည်။

**၁၁ရက်**- မတ်လ ၁၁ ရက်က ကျင်းပခဲ့သည့် ပြင်သစ်ယဉ်ကျေးမှုဌာန ဓာတ်ပုံပွဲတော်တွင် ကချင်ပြည်နယ်မှ ဓာတ်ပုံပညာရှင် သုံးဦး ဆုရရှိခဲ့ကြသည်။

**၁၄ရက်** - Myanmar Idol (season 2) ပြိုင်ပွဲတွင် နောက်ဆုံး ငါးဦးအဆင့်ထိ တက်ရောက်ခဲ့သည့် မိုင်းမိုင်ဆိုင်းအား ကချင်အနုပညာရှင်များအသင်းနှင့် သူမ၏ပရိသတ်များက မနောင်ကွင်းတွင် ကြိုဆို ဂုဏ်ပြုခဲ့ကြသည်။

**၁၄ရက်**- ဓမ္မမြစ်နှင့် ဝေါ့ချမ်းမြစ်များပေါ်တွင် တည်ဆောက်မည့် ရေကာတာစီမံကိန်းများသည် ဒေသခံပြည်သူများအား ဆိုးကျိုးများစွာ ပေးနိုင်သောကြောင့် ဒေသခံဌာနေတိုင်းရင်းသား ၂၀၀၀ ခန့်သည် ချန်းမူးခူး လယ်ကွင်းပြင်တွင် မတ်လ ၁၄ ရက်က ကန့်ကွက်ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

**၁၇ရက်**- တရုတ်-မြန်မာနယ်စပ် စစ်ရှောင်စခန်းများမှ ကလေးများ၏ ပထမအကြိမ် ပန်းချီပြပွဲကို မြစ်ကြီးနားရှိ UCF တွင် မတ်လ ၁၇ ရက်မှ ၂၀ ရက်အထိ ကျင်းပပြုလုပ်ခဲ့သည်။

**၁၈ရက်**- မတ်လ ၁၈ ရက်က ကျင်းပခဲ့သည့် ၂၀၁၆ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုပေးပွဲ အခမ်းအနားတွင် မနောမြေမှ ကျောက်စိမ်းကမ္ဘာ ကချင်ရုပ်ရှင်ဇာတ်ကားက အထူးဆုရရှိခဲ့သည်။

**၁၉ရက်**- ပြည်တွင်းရတနာ ကုန်သည်များအတွက် သီးသန့်ရည်ရွယ်ပြသသည့် မြန်မာ့ကျောက်မျက်ရိုင်းနှင့် ကျောက်စိမ်းပြသရောင်းချပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခမ်းမတွင် မတ်လ ၁၉ ရက်မှ ၂၄ ရက်အထိ ကျင်းပခဲ့သည်။

**၂၂ရက်**- မံစီမြို့နယ် မိုင်းခေါင်နှင့်မန်ဂျေကြားရှိ ခပရာယန်ကျေးရွာတွင် မြန်မာ့တပ်မတော်နှင့် ကေအိုင်အေတို့အကြား တိုက်ပွဲဖြစ်ပွားခဲ့ပြီး မြန်မာ့တပ်မတော်မှ လေကြောင်းပစ်ကူအသုံးပြု၍ တိုက်ခိုက်ခဲ့သည်။

**၂၃ရက်**- မြစ်ကြီးနားမြို့ရှိပြည်နယ်ဂေါက်ကွင်းအားပြည်သူ့အပန်းဖြေဥယျာဉ်အဖြစ်ပြောင်းလဲဆောင်ရွက်ရန်တနိုင်းမြို့နယ်အမှတ်၂မှလွှတ်တော်ကိုယ်စားလှယ်ဦးဇော်ဝင်းကအဆိုတင်သွင်းခဲ့သည့်အပေါ် ပြည်နယ်လွှတ်တော်တွင်း မဲခွဲဆုံးဖြတ်ရာ ရှုံးနိမ့်ခဲ့သည်။

**၂၈ရက်**- နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အစိုးရသစ်သက်တမ်း တစ်နှစ်ပြည့်ချိန် မတ်လ ၂၈ ရက်က မြစ်ကြီးနားမြို့သို့ လာရောက်ကာ ကချင်ပြည်နယ်မှ ပြည်သူ့ကိုယ်စားလှယ်အဖွဲ့ ၁၀ ဖွဲ့နှင့်တွေ့ဆုံခြင်းနှင့် စစ်ရှောင်စခန်းအချို့သို့ သွားရောက်ကာ တွေ့ဆုံမှုများ ပြုလုပ်ခဲ့သည်။

## ဧပြီ

**၂ရက်**- စပါးကြီးမြွေ(Burmese python)ဟု နိုင်ငံတကာက တင်စားခေါ်ဝေါ်သည့် အောင်လအင်ဆန်သည် ၎င်း၏ မွေးဇာတိဖြစ်သည့် မြစ်ကြီးနားမြို့သို့ ဧပြီလ ၂ ရက်က ပြန်လည်လာရောက်ကာ စစ်ရှောင်စခန်းများသို့ သွားရောက်ခြင်းနှင့် ကချင်အနုပညာရှင်များအသင်း ပဟိုကော်မတီကကျင်းပသည့် ၎င်းအား ဂုဏ်ပြုပေးသော အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

**၁၂ရက်**- မြန်မာနိုင်ငံရှိ အကျဉ်းထောင်အသီးသီးမှ လွတ်ရက်နီး အကျဉ်းသားများအား သင်္ကြန်ကာလ မတိုင်မီ အထူးလျှော့ရက်များဖြင့် ဧပြီ ၁၂ ရက်က ပြန်လွှတ်ပေးခဲ့ရာ ကချင်ပြည်နယ်အတွင်းရှိ အကျဉ်းထောင်များမှ အကျဉ်းသား ၆၀ ဦး ပြန်လည်လွတ်မြောက်ခဲ့သည်။

**၁၃ရက်**- ၂၀၁၇ ခုနှစ်၊ သင်္ကြန်ကာလအတွင်း ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်တွင် ၁၀ မှု၊ မိုးညှင်းခရိုင်တွင် ၈မှု၊ ပန်းမော်ခရိုင်တွင် ၁၂ မှု၊ ပူတာအိုခရိုင်တွင် ၂ မှု စုစုပေါင်း မှုခင်း ၃၃ မှု ဖြစ်ပွားခဲ့သည်။

**၂၅ရက်**- ကချင်အမျိုးသား မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အခမ်းအနားကို မြစ်ကြီးနား၊ ဝိုင်းမော်၊ ဆမား စသည့် ဇုံနယ်တို့မှ ပြည်သူ ၅၀၀၀ ကျော်က မြစ်ကြီးနားရှိ မနောင်ကွင်းတွင် ပြုလုပ်ခဲ့ကြသည်။

**၂၆ရက်**- ထောက်ပို့တပ်မှ တပ်သားမောင်မောင်၏ သေနတ်ဖြင့် သေဆုံးခဲ့သည့် ကွန်ပျူတာတက္ကသိုလ်ကျောင်းသား ဂွမ်ဆိုင်းအောင်သေဆုံးခြင်း ဆယ်လပြည့်အောက်မေ့သတိရဆုတောင်းပွဲနှင့် သတင်းစာရှင်းလင်းပွဲကို ၎င်း၏ နေအိမ်၌ ဧပြီလ ၂၆ ရက်က ပြုလုပ်ခဲ့သည်။

**၂၉ရက်**- မိုးညှင်းဒီဂရီကောလိပ်အား မိုးညှင်းတက္ကသိုလ်အဖြစ် တိုးမြှင့်ပေးရန် မိုးညှင်းမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်အေးက အဆိုတင်သွင်းခဲ့ရာ ကန့်ကွက်သူမရှိသောကြောင့် ပြည်နယ်လွှတ်တော်က အတည်ပြုခဲ့သည်။

## မေ

**၇ရက်**- ဖားကန့်မြို့၊ မြို့မရပ်ကွက်အတွင်းရှိ ကုန်စုံဆိုင်မီးလောင်ရာမှ ပတ်ဝန်းကျင် နေအိမ်ဆယ်လုံးကျော်ကို ကူးစက်လောင်ကျွမ်းခဲ့ပြီး ဒေသခံတစ်ရာကျော် အိုးအိမ်မဲ့ဖြစ်ပွားခဲ့သည်။

**၈ရက်**- မိုးကောင်းမြို့ ကျွန်းတောရပ်ကွက်တွင် ဖွင့်လှစ်ရန် စီစဉ်ထားသည့် တော်ဝင်ဆီပန့်ဆိုင်ကို ဖျက်သိမ်းပေးရန် ဒေသခံပြည်သူများက မေလ ၈ ရက်က ကန့်ကွက်ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

**၁၃ရက်**- တတိယအကြိမ်မြောက် Miss Universe Myitkyina ပြိုင်ပွဲကို မြစ်ကြီးနားမြို့နယ်၊ မနောင်ကွင်းရှိ မဏ္ဍပ်ခန်းမတွင် ကျင်းပခဲ့သည်။

**၁၄ရက်**- ကချင်ပြည်နယ်ရှိ ဒေသခံများအတွက် အခမဲ့ဆေးကုသရေး ဖောင်ဒေးရှင်းကို မေလ ၁၄ ရက်က စတင် ထူထောင်ခဲ့သည်။

**၂၄ရက်**- ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ ၂၁ ရာစု ပင်လုံ ဒုတိယအကြိမ်အစည်းအဝေးအား နေပြည်တော်တွင် မေလ ၂၄ ရက်မှ စတင်ကာ ၆ ရက်ကြာ ကျင်းပခဲ့သည်။ အဆိုပါညီလာခံသို့ အစိုးရအဖွဲ့၊ တပ်မတော်၊ လွှတ်တော်၊ နိုင်ငံရေးပါတီ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပါဝင်သင့်ပါဝင်ထိုက်သူပေါင်း ၁၃၀၀ ကျော် တက်ရောက်ခဲ့သည်။

**၂၄ရက်**- ဒုတိယအကြိမ်ကျင်းပခဲ့သည့် ၂၁ ရာစု ပင်လုံညီလာခံကို ကြိုဆိုသောအားဖြင့် မြန်မာတစ်နိုင်ငံလုံးရှိ အကျဉ်းထောင်အသီးသီးမှ ပြစ်ဒဏ်ကျခံနေရသော အကျဉ်းသားအချို့ကို မေလ ၂၄ ရက်က လွတ်ငြိမ်းချမ်းသာခွင့် ပေးခဲ့ရာ ကချင်ပြည်နယ်မှ အကျဉ်းသား ၆ ဦး လွတ်မြောက်ခဲ့သည်။

**၂၉ရက်**- မိုးညှင်းပြည်သူ့ဆေးရုံကြီးအား ခုတင် နှစ်ရာဆံ့ဆေးရုံအဖြစ် တိုးချဲ့ဆောင်ရွက်ပေးရန် ပြည်ထောင်စုအဆင့်သို့ တိုက်တွန်းကြောင်းအဆိုကို ကချင်ပြည်နယ်လွှတ်တော်က အတည်ပြုပေးခဲ့သည်။ထိုအဆိုကို မေလ ၂၉ ရက်က ပြုလုပ်သည့် ပြည်နယ်လွှတ်တော် အစည်းအဝေးတတိယနေ့တွင် မိုးညှင်းမြို့နယ်မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်အေးက အဆိုတင်သွင်းခဲ့ခြင်းဖြစ်သည်။

**၃၁ ရက်** - ဟူးကောင်းချိုင့်ဝှမ်းဒေသရှိ သိမ်းဆည်းခံလယ်ယာမြေများ ပြန်လည်ရရှိရေးနှင့် ပဋိပက္ခများ ညှိနှိုင်းဖြေရှင်းနိုင်ရန်အတွက် ကျေးရွာ ၂၃ ရွာမှ တောင်သူလယ်သမားများ ပါဝင်သည့် ဟူးကောင်းဒေသလုံးဆိုင်ရာ ကော်မတီတစ်ရပ်ကို ဖွဲ့စည်းခဲ့သည်။

## ဇွန်

**၂ ရက်** - ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစု ပင်လုံ ဒုတိယအကြိမ် အစည်းအဝေး၏ ရလဒ်အချို့ပေါ် ကန့်ကွက်ကြောင်း ကချင်အမျိုးသားကွန်ဂရက်ပါတီက ဇွန်လ ၂ ရက်တွင် သဘောထားထုတ်ပြန်ခဲ့သည်။

**၅ ရက်** - တနိုင်းမြို့နယ်အနီးတစ်ဝိုက်တွင် ရွှေမှော်၊ ပယင်းမှော် လုပ်ကိုင်နေသော ရွာများကို နယ်မြေရှင်းလင်းရေးပြုလုပ်မည်ဖြစ်၍ ဇွန်လ ၁၅ ရက် နောက်ဆုံးထားပြီး ထွက်ခွာပေးရန် တပ်မတော်က ဇွန်လ ၅ ရက်က ရဟတ်ယာဉ်ဖြင့် စာများကို လိုက်လံဖြန့်ကြဲခဲ့သည်။

**၅ ရက်** - တနိုင်းမြို့နယ်ကောင်ရာကျေးရွာတွင်တပ်မတော်နှင့်ကေအိုင်အေတို့အကြားတိုက်ပွဲများဖြစ်ပွားခဲ့ပြီးအပြန်အလှန်ပစ်ခတ်ကြရာမှလက်နက်ကြီးများကျရောက်ခဲ့မှုကြောင့်ဒေသခံသုံးဦးဒဏ်ရာရရှိခဲ့သည်။

**၅ ရက်** - မြစ်ကြီးနားမြို့နယ် ရှစ်မိုင်ကျေးရွာမှ အသက် ၇ နှစ်အရွယ် မိန်းကလေးအား အဓမ္မပြုကျင့်မှုဖြစ်ပွားခဲ့ပြီး အဓမ္မပြုကျင့်သည့် လူငယ်အား မိန်းကလေး၏မိခင်က အမှုဖွင့်တိုင်တန်းခဲ့သည်။

**၉ ရက်** - စစ်ဘေးရှောင် ၆ နှစ်ပြည့် ဆုတောင်းခြင်း အစီအစဉ်ကို ကချင်ပြည်နယ်မှ စစ်ဘေးရှောင်ပြည်သူပေါင်း ၈၀၀၀ ကျော် ဖြင့် ဇွန်လ ၉ ရက်က ကျင်းပပြုလုပ်ခဲ့သည်။ ထိုအစီအစဉ်ကို ဦးဆောင်သူသုံးဦးအား ခွင့်ပြုမိန့်မတောင်းခံဘဲ စီတန်းလှည့်လည်မှု စာရွက်စာတမ်း၊ ဆိုင်းဘုတ်များ ကိုင်ဆောင်မှုကြောင့် ငြိမ်း/စု/စီ ဥပဒေပုဒ်မ ၁၉ ဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဦးက ဇွန်လ ၁၂ ရက်တွင် တရားလိုပြုလုပ်၍ အမှုဖွင့်အရေးယူရန် တိုင်တန်းခဲ့သည်။ အဆိုပါ ဦးဆောင်သူသုံးဦးမှာ ဒဏ်ငွေကျပ်သုံးသောင်းစီ ပေးဆောင်ခဲ့ရသည်။

**၁၃ ရက်** - တနိုင်းမြို့နယ်အတွင်း မြန်မာ့တပ်မတော်နှင့်ကေအိုင်အေတို့အကြား စစ်ရေးတင်းမာမှုဖြစ်ပွားနေခြင်းနှင့်ပတ်သက်၍ နှစ်ဖက်လက်နက်ကိုင်တပ်ဖွဲ့များအား ငြိမ်းချမ်းရေးကိုရှေးရှုရန် ကချင်အမျိုးသား ကွန်ဂရက်ပါတီက အပြင်းအထန် တောင်းဆိုကြောင်း သဘောထား ထုတ်ပြန်ခဲ့သည်။

**၁၆ ရက်** - ဖားကန့်မြို့နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းခဲ့သည်အတွက် ဖားကန့်မြို့နယ်အတွင်းရှိ အိမ်ခြေထောင်ကျော်ခန့် ရေဘေးသင့်ကာ ပျက်ဆီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည်။

**၁၇ရက်** - တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်မှုကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အဆင့်သတ်မှတ်ရာတွင် ကချင်ပြည်နယ်သည် အဆင့် ၁၂ တွင် ရပ်တည်ခဲ့သည်။ ၂၀၁၆ -၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲ ဖြေဆိုသူ ၃၀၆၃၇ ဦး အနက် ၉၂၀၇ ဦး အောင်မြင်ကာ အောင်ချက် ရာခိုင်နှုန်း ၃၀ ဒသမ ၀၅ ရာခိုင်နှုန်း ရှိခဲ့သည်။

**၁၇ ရက်** - မြစ်ကြီးနားမြို့ရှိ အမှတ် ၅ အခြေခံပညာအထက်တန်းကျောင်းသည် နှစ် ၅၀ ခန့်အကြာမှ ပထမဆုံးအကြိမ်အဖြစ် ဘာသာစုံဂုဏ်ထူးရှင်တစ်ဦး ထွက်ပေါ်လာခဲ့သည်။

**၁၇ရက်**-ကချင်ပြည်နယ်အတွင်းရှိစစ်ရှောင်များကိုလှူဒါန်းနိုင်ရန်အတွက်ရန်ပုံငွေဘောလုံးပြိုင်ပွဲကိုအရပ်ဘက်အဖွဲ့အစည်းများ၊ဘောလုံးဝါသနာရှင်ကလပ်စသည့်အသင်းစုသင်းတို့ကကျင်းပပြုလုပ်ခဲ့သည်။

**၁၉ ရက်** - ကချင်ပြည်နယ်အတွင်း တရားဝင်ရောင်းချနေသည့် တစ်ပိုင်တစ်နိုင် အသေးစားစက်သုံးဆီဆိုင်များကို ဇွန်လ ၂၂ ရက် နောက်ဆုံးထား၍ ပိတ်သိမ်းရန် သတိပေးထားပြီး လိုက်နာမှုမရှိပါက အရေးယူမည်ဟု ပြည်နယ်မီးသတ်ဦးစီးဌာနက ပြောဆိုခဲ့သည်။

**၂၀ရက်** - လဝါးကျေးရွာရှိ လီဗိုလမ်းမကြီးပေါ်သို့ ဝင်ရောက်လာသည့် တပ်မတော်စစ်ကြောင်းအဖွဲ့နှင့် ကေအိုင်အေတို့အကြား ပစ်ခတ်မှုဖြစ်ပွားချိန်တွင် ဦးအင်လမ်းဘောက်နော်သည် ၎င်းနေအိမ်မှ အရက်မူးလျက် ထွက်သွားခဲ့ခြင်းကြောင့် တပ်မတော်စစ်ကြောင်းအဖွဲ့နှင့် တွေ့ဆုံစဉ် ဖမ်းဆီးခြင်း ခံခဲ့ရသည်။

**၃၀ ရက်**- ကချင်တိုင်းရင်းသား MMA ဖိုက်တာ အောင်လအင်ဆန်သည် ဇွန်လ ၃၀ ရက်က ရန်ကုန်မြို့ရှိ သုဝဏ္ဏအားကစားရုံတွင် ပြုလုပ်သည့် မစ်ဒယ်ဝိတ်တန်းကမ္ဘာ့ချန်ပီယံ ပိုလ်လုပွဲတွင် MMA ကမ္ဘာ့ချန်ပီယံ ရုရှားနိုင်ငံသား ဗစ်တာလီဘစ်ဇက်ရှ်နှင့် ဒုတိယအကြိမ်ယှဉ်ပြိုင်ထိုးသတ်ရာတွင် အနိုင်ရရှိခဲ့သည့်အတွက် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ဖြစ်လာခဲ့သည်။

## ဇူလိုင်

**၇ရက်** - သတင်းလွတ်လပ်ခွင့် ရရှိရန်အတွက် ကချင်ပြည်နယ်အတွင်းရှိ သတင်းမီဒီယာများ စုပေါင်းကာ မြစ်ကြီးနားမြို့ပေါ်တွင် ပထမဦးဆုံးအကြိမ် ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

**၁၀ရက်** - မိုးညှင်းခရိုင်အတွင်းရှိ ပညာရေးတွင် ထူးချွန်သည့် အမျိုးသမီးများအား ခရိုင်အမျိုးသမီးရေးရာအဖွဲ့က ဇူလိုင် ၁၀ ရက်တွင် ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့သည်။

**၁၅ရက်** - ကချင်လွတ်လပ်ရေးအဖွဲ့(KIO)နှင့် ကချင်လူထု တွေ့ဆုံပွဲအနေဖြင့် ပြည်တွင်းပြည်ပမှ ကချင်ခေါင်းဆောင်များ၊ ကချင်ဒေသရှိ ပြည်သူလူထုနှင့် ကေအိုင်အိုအဖွဲ့အပါအဝင် စုစုပေါင်းလူအင်အား ၇၀၀ ကျော်သည် ဇူလိုင်လ ၁၅ မှ ၁၇ ရက်အထိ လိုင်ဇာမြို့တွင် တွေ့ဆုံပွဲ ပြုလုပ်ခဲ့သည်။

**၁၆ရက်**- ပူတာအိုမြို့နယ်တွင် ဇူလိုင်လ ၁၆ ရက် ညသန်းခေါင်ခန့်က မိုးသည်းထန်စွာ ရွာသွန်းပြီး မိုးကြိုးပစ်ခတ်ခဲ့ခြင်းကြောင့် ငွေကျပ် သိန်း ၁၀၀ ကျော် တန်ဖိုးရှိသည့် ပစ္စည်းများ ဆုံးရှုံးခဲ့ရသည်။

**၁၆ရက်** - ငြိမ်းချမ်းရေး ဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲကို မြစ်ကြီးနားမြို့တော်ခန်းမတွင် ဇူလိုင်လ ၁၆ ရက်က ကျင်းပခဲ့ပြီး မြို့နယ်အသီးသီးမှ ပြိုင်ပွဲဝင် ၂၅၀ ကျော်ကို အဆင့်ဆင့်ရွေးချယ်ရာ ဒေသခံအဆိုရှင်သုံးဦးကို ဇကာတင်အဖြစ် ရွေးချယ်ခဲ့သည်။

**၁၇ရက်** - ကချင်ပြည်နယ်အတွင်း သွေးလွန်တုပ်ကွေးဖြစ်ပွားသူ ၅၀၀ ခန့် ရှိနေပြီး ၂ ဦး သေဆုံးသွားကြောင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**၁၉ရက်** - နှစ် ၇၀ ပြည့် အာဇာနည်နေ့ အထိမ်းအမှတ် လွမ်းသူ့ပန်းခွေချ အခမ်းအနားကို မြစ်ကြီးနားမြို့ရှိ ဗိုလ်ချုပ်အောင်ဆန်းရင်ပြင်တွင် ပထမဆုံးအကြိမ်အဖြစ် ကျင်းပခဲ့သည်။

**၂၂ ရက်**- ဇူလိုင်လ ၂၂ ရက် နံနက်ပိုင်းက မိုးမောက်မြို့၊ မြို့မဈေးအနီးတွင် မိုင်းပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီး လူတစ်ဦး သေဆုံးကာ ၄ ဦး ဒဏ်ရာရရှိခဲ့သည်။ သေဆုံးသူမှာ လဝါးယန်ဌာနေပြည်သူ့စစ်အဖွဲ့မှ မိုးမောက်မြို့ စီးပွားရေး တာဝန်ခံ ဗိုလ်မှူး လဂိုင်နော်ဆန်း ဖြစ်သည်။

**၂၄ရက်** - ကချင်နှစ်ခြင်း ခရစ်ယာန်အဖွဲ့ချုပ်(KBC)နှင့် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဇူလိုင် ၂၄ ရက်က နေပြည်တော်ရှိ NPRC ခန်းမတွင် စစ်ရှောင်အရေးနှင့် ငြိမ်းချမ်းရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**၃၀ ရက်**- မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာတွင် ဇူလိုင်လ ၃၀ ရက် ညက မိခင်ဖြစ်သူ၏ နေအိမ်ကို သားဖြစ်သူက မီးရှို့မှု ဖြစ်ပွားခဲ့သည်။

**၃၀ ရက်** -ဖားကန့်မြို့နယ် လဝါးကျေးရွာမှ ဒေသခံနှစ်ဦးသည် ဇူလိုင် ၃၀ ရက်တွင် တနိုင်းမြို့မှပြန်လာစဉ် စစ်ကြောင်း ခလရ ၂၉၈ တပ်ရင်းဂိတ်က တားဆီးစစ်ဆေးပြီး ထိုသူများထံတွင် ပိုက်ဆံနှင့် စာရွက်စာတမ်းများ တွေ့ရှိခဲ့ခြင်းကြောင့် ဖမ်းဆီးထိမ်းသိမ်းမှု ပြုလုပ်ခဲ့သည်။

## ဩဂုတ်

**၂ ရက်**- နေပြည်တော်တွင်ပြုလုပ်သည့်၅၄ကြိမ်မြောက် ကျောက်မျက်ရတနာပြပွဲကို ဩဂုတ်လ ၂ရက်မှ ၁၁ ရက်အထိ ကျင်းပခဲ့ပြီး ယူရို သန်း ၅၀၀ ကျော်ခန့် ရောင်းချနိုင်ခဲ့ကြောင်းပွဲဖြစ်မြောက်ရေးအဖွဲ့က သတင်းထုတ်ပြန်ခဲ့သည်။

**၇ ရက်** - ကျောက်မျက် အနေနှင့်ဘီအချောထည်များကို မြစ်ကြီးနားမြို့သို့ တရားဝင်သယ်ဆောင်ခွင့် ပြုလိုက်ပြီဖြစ်ကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက ဩဂုတ်လ ၇ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

**၉ရက်**- မိုးကောင်းမြို့နယ် နမ္မတီးကျေးရွာမှ ဒေသခံနှစ်ဦးသည် နှန်နွယ်ကျေးရွာအကြားရှိ လမ်းဘေးတွင် မိုင်းပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းကြောင့် သေဆုံးခဲ့ကြသည်။

**၁၁ရက်** - ကဆုန့်ကျေးရွာအတွင်း မြန်မာ့တပ်မတော်က ဝင်ရောက်ပစ်ခတ်မှုများကြောင့် ကဆုန့်ဒေသခံ တစ်ထောင်ကျော်သည် နမ္မတီးကျေးရွာရှိ နှစ်ခြင်းဘုရားကျောင်းနှင့် ကက်သလစ်ဘုရားကျောင်းများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်။

**၁၁ရက်**- ဖားကန့်မြို့နယ်၊ ဆိပ်မူကျေးရွာအုပ်စု၊ ဆွတ်အောင်ကျေးရွာအနီးတွင်ရှိသော အများပြည်သူသုံး စိမ့်စမ်းသောက်သုံးရေကန်အတွင်း မြေစာများ စွန့်ပစ်ခြင်းမပြုရန် ကျေးရွာသုံးရွာမှ ဒေသခံ ၅၀၀ ခန့်က ဩဂုတ်လ ၁၀ ရက်တွင် ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

**၁၄ရက်** - မြစ်ကြီးနားမြို့နယ်အတွင်း ရေမြင့်တက်လာခြင်းကြောင့် အခြေခံပညာကျောင်းအချို့ ပိတ်ထားခဲ့ရသည်။

**၁၆ရက်** - ဖားကန့်မြို့နယ်၊ ဆိုင်းတောင်ကျေးရွာရှိ ရှမ်းကုန်းဈေး မီးလောင်မှုကြောင့် နေအိမ် ၁၀ လုံးနှင့် ဈေးဆိုင်ခန်း ၃၃ ခန်း ဆုံးရှုံးမှု ဖြစ်ပွားခဲ့သည်။

**၁၆ရက်** - မြန်မာနိုင်ငံရှိ မသန်စွမ်းသူများအား ကူညီထောက်ပံ့နိုင်ရန် ဖူးပြည့်လှိုင် မသန်စွမ်းကုမ္ပဏီလီမိတက်ရုံးကို မြစ်ကြီးနားမြို့တွင် ဖွင့်လှစ်ခဲ့သည်။

**၁၆ရက်**- လိုင်စင်မဲ့ကားများကို ပညာပေးကာလ ကျော်လွန်ပါက ဖမ်းဆီးအရေးယူမည်ဖြစ်ပြီး ပညာပေးကာလာကို ဩဂုတ်လ ၁၆ ရက်မှ ၃၀ ရက်အထိ သတ်မှတ်ခဲ့သည်။

**၁၇ရက်**- ကဆုန့်စစ်ရှောင်ပြည်သူများအား ကူညီထောက်ပံ့ရန် ဖားကန့်မှလာသည့် ကချင်အမျိုးသား လူမှုဖွံ့ဖြိုးရေးအသင်း၏ ကား ၈ စီးနှင့် အသင်းဝင် ၃၀ ဦးအား တပ်မတော်က ဖြတ်သန်းခွင့် တားဆီးခဲ့သည်။ ဩဂုတ်လ ၂၀ ရက်တွင် တားဆီးခံရသည့် ၎င်းတို့အသင်း၏ ကား ၈ စီးအနက် ၄စီး နှင့်အတူ ကားပေါ်တွင်ပါရှိသော လှူဒါန်းမည့်ပစ္စည်းများကို ကာမိုင်းရဲတပ်ဖွဲ့က သိမ်းဆည်းခဲ့သည်။

**၁၈ရက်**- စစ်ရေး၊ နိုင်ငံရေးတင်းမာမှုများကြောင့် ကချင်လွတ်လပ်ရေးတပ်မတော်(KIA)က ၎င်းတို့၏ တပ်ရင်း ၁၀ နယ်မြေများကို တားမြစ်နယ်မြေအဖြစ် သတ်မှတ်ကြောင်း ဩဂုတ်လ ၁၈ ရက်က ထုတ်ပြန်ခဲ့သည်။

**၁၈ရက်** - တနိုင်းမြို့နယ် အောင်စိုးမိုးကျေးရွာတွင် အသက် ၃ နှစ်အရွယ် အမျိုးသမီးငယ်အား ပထွေးဖြစ်သူက အဓမ္မပြုကျင့်မှု ဖြစ်ပွားခဲ့သည်။

**၁၈ရက်**- ကချင်ပြည်နယ်မှ ပြည်ထောင်စုတိုင်းရင်းသားများ ဖက်ဒရယ် ဒီမိုကရေစီပါတီအမည်ဖြင့် ပါတီအသစ်တစ်ခုကို ဩဂုတ်လ ၁၈ ရက်က ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သို့ လျှောက်ထားခဲ့သည်။

**၂၂ ရက်** - ကဆုန့် စစ်ရှောင်ပြည်သူများသည် ဩဂုတ်လ ၂၂ ရက်က နမ္မတီးကျေးရွာမှ ၎င်းတို့ နေရပ် ကဆုန့်သို့ ကားအစီးရေ ၇၀ ကျော်ဖြင့် ပြန်သွားခဲ့ကြသည်။ ပထမဆုံးအကြိမ်အဖြစ် မိမိနေရပ်သို့ ပြန်နိုင်သည့် စစ်ရှောင်များလည်း ဖြစ်ခဲ့သည်။

**၂၄ရက်** - ပြည်ထောင်စုနိုင်ငံရေး ဆွေးနွေးညှိနှိုင်းရေး ကော်မတီ(FPNCC)၏ ဥက္ကဋ္ဌ ၂ နေရာအား ကချင်လွတ်လပ်ရေးအဖွဲ့(KIO)မှ ဒုဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးအင်ဘန်လ တာဝန်ယူမည်ဖြစ်ကြောင်း ဩဂုတ်လ ၂၄ ရက်က သဘောထားတစ်ရပ် ထုတ်ပြန်ခဲ့သည်။

**၂၈ရက်** - ဖားကန့်အခြေစိုက် အလွတ်တန်းသတင်းထောက် ကိုဇော်မိုးထက်အား ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ)ဖြင့် မြစ်ကြီးနားမြို့ရှိ မြို့မရဲစခန်းမှ တာဝန်ရှိသူများက မန္တလေးမြို့တွင် သွားရောက်ဖမ်းဆီးခဲ့သည်။

**၂၉ရက်** - ဧရာဝတီမြစ်ပေါ်တွင် တည်ဆောက်မည့် ရေကာတာစီမံကိန်း အမြန်ဆုံးရပ်တန့်ပေးရန်အတွက် ဩဂုတ်လ ၂၉ ရက်က ကချင်လူမှုဖွံ့ဖြိုးရေးကွန်ရက်အဖွဲ့နှင့်ဒေသခံများက ရန်ကုန်မြို့တွင် သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့သည်။

## စက်တင်ဘာ

**၄ရက်**- မိုးမောက်မြို့နယ်တရားရုံးက မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး(ABSDF)မှ ဗဟိုကော်မတီဝင် ကိုမင်းဒွေးအား စက်တင်ဘာ ၀ ရက်က တရားသေ လွှတ်ပေးခဲ့သည်။ကိုမင်းဒွေးသည် ဟောလိဝုဒ်ရုပ်ရှင်မင်းသား စတားလုံးနှင့်အတူ မြန်မာနိုင်ငံအကြောင်း ရိုက်ကူးသည့် RAMBO-4 ဇာတ်ကားတွင် မြန်မာ့တပ်မတော်မှ စစ်ဗိုလ်တစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့သူဖြစ်သည်။

**၆ရက်**- ညောင်တောကျေးရွာ အထက်ဘက်ရှိ မြန်မာ့တပ်မတော်ဂိတ်အား ပြန်လည်ရုတ်သိမ်းပေးရန် ကဆုန့်ဒေသခံများက ကချင်ပြည်နယ်ဝန်ကြီးချုပ်ထံ စက်တင်ဘာ ၆ ရက်တွင် စာတင်ခဲ့ကြသည်။

**၆ရက်**- ကချင်လူမျိုး ရဝမ်တိုင်းရင်သားလူငယ် ၄ ဦးသည် စက်တင်ဘာလ ၆ ရက်တွင် ခါကာဘိုရာဇီရေခဲတောင်၏ အမြင့်ပေ ၁၈၀၀၀ သို့ ရောက်ရှိခဲ့ကြပြီး ရဝမ်အလံကို စိုက်ထူခဲ့ကြသည်။

**၇ရက်**- မြန်မာနိုင်ငံမှ ထွက်ပြေးလာကြသည့် မွတ်ဆလင်ဒုက္ခသည်များနှင့် သက်ဆိုင်သည့်ဓာတ်ပုံများ ရယူရန်သွားကြသည့် ဓာတ်ပုံသတင်းထောက် ကိုခွန်လတ်နှင့် ကိုမင်းဇေယျာဦးတို့ကို စက်တင်ဘာလ ၇ ရက်က ဘင်္ဂလားဒေ့ရှ်၊ ကော့ဘ်ဇက်သဇားနယ်ထဲတွင် ဖမ်းဆီးခဲ့ကြသည်။

**၉ရက်**- လူထုကြားတွင် ဂယက်ထခဲ့သည့် တိမ်ပြာသောနေ့ ရုပ်ရှင်ဇာတ်ကားကို မြစ်ကြီးနားမြို့ရှိ ဇေရာရုပ်ရှင်ရုံတွင် ဒီမိုကရေစီ ရက်သတ္တပတ်ပွဲတော် အကြိုမိတ်ဆက်ပွဲအဖြစ် မိတ်ဆက်ပြသခဲ့သည်။

**၁၁ရက်**- မိုးညှင်းမြို့နယ်အတွင်းရှိ ယခင်အစိုးရလက်ထက်က သိမ်းယူခဲ့သော လယ်ယာမြေများအနက် ပြန်လည်စွန့်လွှတ်လိုက်သည့် မြေများကို ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်ဦးဆောင်သော ကချင်ပြည်နယ်အစိုးရအဖွဲ့က မူလပိုင်ရှင်များထံ ပြန်လည်ပေးအပ်ခဲ့သည်။

**၁၂ရက်**- ကချင်ပြည်နယ်ဝန်ကြီးချုပ်သည် မိုးညှင်းမြို့နယ်ရှိ စိန့်ပက်ထရိတ်ဘုရားကျောင်းသို့ ရောက်ရှိစဉ် ထိုဘုရားကျောင်းတွင် နေထိုင်ကြသည့် စစ်ရှောင်ဒုက္ခသည် ၅၂ ဦးက နေရပ်သို့ ပြန်လိုကြောင်း တင်ပြခဲ့ကြသည်။

**၁၂ရက်**- ဟိုပင်မြို့တွင် ဂျပန်ခေတ်က ပစ်ချခဲ့သော လေယာဉ်ပုံးသီး တစ်လုံးကို သရက်ချောင်းအတွင်း ငါးရှာနေသူတစ်ဦးက စက်တင်ဘာ ၁၂ ရက်တွင် တွေ့ရှိခဲ့သည်။

**၁၆ရက်** - မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖော်ဆောင်မှုတွင် တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တို့ သီးသန့်တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ရန် လိုအပ်ကြောင်း စက်တင်ဘာ ၁၆ ရက်က မြစ်ကြီးနားရှိ CITY PARK ROYAL တွင် ပြုလုပ်သော DVB ရုပ်သံလိုင်း Debate အစီအစဉ်တွင် ဒေါ်နန်ပူက ပြောကြားခဲ့သည်။

**၁၉ရက်**- မံစီမြို့နယ် မိုင်ခေါင်စစ်ရှောင်စခန်းမှ လူသုံးဦး အသတ်ခံရသည့်အမှုမှ စွပ်စွဲခံတပ်မတော်သား ၆ ဦးလုံးမှာ ရင်းတို့တွင် အပြစ်ရှိကြောင်း ဝန်ခံထွက်ဆိုခဲ့သည်။
**၁၉ရက်**- ကချင်ပြည်နယ်အတွင်း ဖွင့်လှစ်ထားသော မူးယစ်ဆေး ဖြတ်စခန်းများ အနေဖြင့် ကျန်းမာရေး ဝန်ကြီးဌာနတွင် တရားဝင် မှတ်ပုံတင်စေလိုကြောင်း ပြည်နယ်ဥပဒေချုပ် ဦးဒီဆင်ရမ်က မူးယစ်ဆေးစွဲရောဂါ ကာကွယ်ရေး အလုပ်ရုံ ဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။
**၂၇ရက်**- ထိုင်းနိုင်ငံတွင် ကျင်းပသည့် UNFC အလုပ်ရုံဆွေးနွေးပွဲကို KIO နှင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအကျိုးဆောင်အဖွဲ့ PCG အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။
**၂၈ရက်**- ဓါကာဘိုရာဇီ အမျိုးသားဥယျာဉ် နယ်နိမိတ်အား တောင်ပိုင်းသို့ တိုးချဲ့၍ ကမ္ဘာ့အမွေအနှစ်ထိန်းသိမ်းရေး နယ်မြေအဖြစ် သတ်မှတ်လိုက်ခြင်းကို ပူတာအိုခရိုင်အတွင်းရှိ ဒေသခံများက ကန့်ကွက်သည့်အနေဖြင့် စက်တင်ဘာ ၂၈ ရက်တွင် ဆန္ဒထုတ်ဖော်ခဲ့ကြသည်။
**၂၉ရက်** - ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် လွှတ်တော် သုံးရပ်မှ ကိုယ်စားလှယ်တို့၏ ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေးပွဲကို စက်တင်ဘာ ၂၉ ရက်က ပြုလုပ်ခဲ့သည်။
**၃၀ ရက်** - အစွန်းရောက် ဘင်္ဂါလီ အကြမ်းဖက် ဆန့်ကျင်ရေးနှင့် ပြည်ပက ဝင်ရောက်စွက်ဖက်မှုများ ရှုတ်ချရေး ဆန္ဒဖော်ထုတ်ပွဲကို ကချင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသား ၂၀၀၀ ခန့်က မြစ်ကြီးနားတွင် ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

## အောက်တိုဘာ

**၆ရက်** - ဖားကန့်မြို့နယ်၊ နမ့်ယားကျေးရွာတွင် အောက်တိုဘာလ လဆန်းပိုင်းမှ စတင်ကာ မြန်မာ့တပ်မတော်နှင့် ကေအိုင်အေတို့အကြား တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။
**၁၀ရက်** - ဖားကန့်မြို့နယ်ရှိ ချောင်ဘရားသား ကျောက်မျက်လုပ်ကွက်အတွင်း လုပ်ကွက်စောင့် ရဲတပ်ကြပ်တစ်ဦး၏ သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် ရေမဆေးသမားတစ်ဦး သေဆုံးသွားခဲ့သည်။
**၁၀ရက်** - ပြည်ထောင်စုကြီး ငြိမ်းချမ်းရေးအတွက် ဘာသာပေါင်းစုံ ဆုတောင်းပွဲ အခမ်းအနားကို မြစ်ကြီးနားမြို့ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြည်နယ်ရုံးတွင် အောက်တိုဘာ ၁၀ ရက်က ပြုလုပ်ခဲ့သည်။
**၁၀ရက်** - ဝိုင်းမော်မြို့နယ်အတွင်း ကချင်လွတ်မြောက်ရေး တပ်မတော်(KIA)၏ တပ်သားစုဆောင်းခံရသူများနက် အချို့ ပြန်လည်လွတ်မြောက်လာခဲ့သည်။
**၁၆ရက်** - ကချင်လူထု ၄၀၀၀ ကျော်က နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ထောက်ခံကြိုဆိုပွဲကို မြစ်ကြီးနားမြို့ရှိ ပိုလ်ချုပ်အောင်ဆန်းရင်ပြင်တွင် ကျင်းပခဲ့သည်။
**၁၇ရက်** - အောက်တိုဘာလ ၁၅ ရက်က နေပြည်တော်တွင် ပြုလုပ်ခဲ့သည့် NCA လက်မှတ် ရေးထိုးခြင်း ၂ နှစ်ပြည့် အခမ်းအနားတွင် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ မိန့်ခွန်းအပေါ် ကချင်အမျိုးသား ကွန်ဂရက်ပါတီ(KNC)က အောက်တိုဘာ ၁၇ ရက်တွင် သဘောထားထုတ်ပြန်ခဲ့သည်။
**၁၀ရက်** - ဖားကန့်မှ မန္တလေးသို့ မောင်းနှင်လာသည့် AD Van ကားအတွင်းမှ ကျောင်းစိမ်းအရိုင်းတုံး ၅၇ တုံးကို မိုးကောင်း ၈ မိုင် လမ်းဆုံရှိ ဌာနဆိုင်ရာများ ပူးပေါင်းဂိတ်တွင် ဖမ်းဆီးရမိခဲ့သည်။
**၁၃ရက်** - မြစ်ကြီးနားမြို့ ဇေးစေတီရပ်ကွက်တွင်ရှိသော နေအိမ်တစ်အိမ်အတွင်း အမျိုးသမီးနှစ်ဦး ဓါးဇော်ရာများဖြင့် နှစ်လောင်းပြိုင် အသတ်ခံခဲ့ရသည်။
**၁၈ရက်** - ဘာသာပေါင်းစုံ လူငယ်များ စုပေါင်းကာ ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စုရှိ ရှရော်ခကျေးရွာတွင် အားမာန်သစ်စာကြည့်တိုက်နှင့် လူငယ်ဖွံ့ဖြိုးရေးစင်တာကို ဖွင့်လှစ်ခဲ့သည်။
**၂၁ရက်** - ရခိုင်ပြည်နယ်တွင် ဖြစ်ပွားနေသော ပဋိပက္ခများနှင့် ပတ်သက်၍ နိုင်ငံတော်အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ရပ်တည်ချက်များကို ထောက်ခံသည့်အနေဖြင့် ဖားကန့်မြို့နယ်၌ ပြည်သူ ၁၅၀၀ ခန့်က အောက်တိုဘာ ၂၁ ရက်တွင် လမ်းလျှောက်ချီတက်ပွဲ ပြုလုပ်ခဲ့ကြသည်။
**၂၇ရက်** - ကချင်လွတ်လပ်ရေးအဖွဲ့ (KIO) ဥက္ကဋ္ဌဟောင်း ဗိုလ်ချုပ် မလိဇွပ်ဇော်မိုင်သည် ရန်ကုန်မြို့ရှိ အာရှတော်ဝင်ဆေးရုံတွင် ဆေးကုသမှု ခံယူရင်း အောက်တိုဘာ ၂၇ ရက်က ခရစ်တော်၌ အိပ်ပျော်သွားခဲ့သည်။
**၂၇ရက်**- မြစ်ကြီးနားမြို့ မြေမြင့်ရပ်ကွက်တွင် နေထိုင်သည့် အသက်၇၀ နှစ်အရွယ် မြန်မာပြည်မြောက်ပိုင်း ရှမ်းမျိုးနွယ်စုရေးရာအဖွဲ့(SEA)မှ ဒုတိယဥက္ကဋ္ဌ ဦးစိုင်းထိန်လင်းသည် အောက်တိုဘာ ၂၇ ရက်တွင် ကွယ်လွန်ခဲ့သည်။
**၂၉ရက်** - မြစ်ကြီးနားဇုံနယ် နှစ်ခြင်းခရစ်ယာန်သာသနာ ၁၂၅ နှစ်ပြည့် ဂျူဗလီပွဲအထိမ်းအမှတ်အဖြစ် အသင်းသူ/သား တစ်ထောင်ကျော်ကို မန်ခိန်ဆရာကထောင်ရပ်ကွက်ရှိ ဧရာဝတီမြစ်ကမ်းနဘေးတွင် နှစ်ခြင်းမင်္ဂလာခံပေးခဲ့သည်။
**၃၀ရက်**- ကချင်ပြည်နယ်မှ အမျိုးသမီး ၈ ဦးသည် ပြည်နယ်အတွင်းရှိ အမျိုးသမီးလုံခြုံရေးအတွက် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်၏ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ကော်မတီသို့ သွားရောက်ကာ အောက်တိုဘာ ၃၀ ရက်နှင့် ၃၁ ရက်တွင် တွေ့ဆုံ ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

## နိုဝင်ဘာ

**၁ရက်**- ကချင်ပြည်နယ်အတွင်းရှိ လိုင်စင်မဲ့မော်တော်ယာဉ်များကို နယ်ကျော်မောင်းနှင်ခြင်းမပြုလုပ်ရန် ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် တားမြစ်ပိတ်ပင်ခဲ့သည်။
**၃ရက်**- နိုဝင်ဘာလ ၃ရက်က ရန်ကုန်မြို့ရှိ သုဝဏ္ဏအားကစားရုံတွင် မစ်ဒယ်ဝိတ်တန်းချန်ပီယံ အောင်လအင်ဆန်နှင့် ကင်မရွန်းနိုင်ငံသား Alain Ngalani တို့ ထိုးသတ်ခဲ့ကြရာ အောင်လအင်ဆန်က ပထမအချီတွင်ပင် အနိုင်ရရှိခဲ့သည်။
**၄ရက်**- တနိုင်းမြို့နယ် ဂွမ်ဘူကုန်းနယ်မြေတွင် ကေအိုင်အေ တပ်မဟာ ၂ လက်အောက်ခံတပ်ရင်း ၂၀ နှင့် မြန်မာ့တပ်မတော်တို့ အပြန်အလှန် ပစ်ခတ်မှုများ ဖြစ်ပွားခဲ့သည်။
**၆ရက်**- လိုင်ဇာမြို့တွင် ကချင်အမျိုးသားများ တွေ့ဆုံဆွေးနွေးပွဲကို ကေအိုင်အို၊ ကချင်ဘာသာရေးအဖွဲ့အစည်းများ၊ အရပ်ဖက်အဖွဲ့အစည်းများ၊ နိုင်ငံတကာမှ ကချင်တိုင်းရင်းသားများနှင့် ကချင်ပြည်သူလူထု စုစုပေါင်း ၄၀၀ ခန့်က ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေးပွဲ အောက်တိုဘာလ ၆ ရက်မှ ၈ ရက်အထိ သုံးရက်ကြာ ပြုလုပ်ခဲ့သည်။
**၈ရက်**- တရုတ်ငှက်ပျောကုမ္ပဏီတစ်ခုက ရင်းတို့၏ မြေဧရိယာအတွင်းရှိသည့် နန့်ပေါင်းချောင်းအား မြေဖို့ကာ လမ်းကြောင်းပြောင်းရန် စီစဉ်နေသည်ကို ဒေသခံများက နိုဝင်ဘာ ၈ရက်တွင် ဝိုင်းဝန်းကန့်ကွက်ခဲ့ကြသည်။
**၁၁ရက်**- ဝိုင်းမော်မြို့နယ် ဝါးရှောင်ကျေးရွာရှိ ဝေ့ရှုတ်ယာန်ကြိုးတံတားတွင် လာရောက်အပန်းဖြေသည့် လူငယ် ၄၀ ဦး ခန့်အား ကေအိုင်အေက တပ်သားသစ်စုဆောင်းရန် ဖမ်းဆီးသွားခဲ့သည်။
**၁၅ရက်** - ကချင်ပြည်နယ်တွင် ပထမဆုံးအကြိမ် ကျင်းပသည့် Mister & Miss sea world Myitkyina 2018 ပြိုင်ပွဲအား နိုဝင်ဘာ ၁၅ ရက်ညက ကျင်းပခဲ့ပြီး winner ဆုကို တီဆန်းဆုန်းဝမ်နှင့် ဝင်းသီရိအောင်တို့က ရရှိခဲ့ကြသည်။
**၁၈ရက်**- အမျိုးသမီးများ အိမ်တွင်းအကြမ်းဖက်မှု ပပျောက်ရေး လှုပ်ရှားမှုအဖြစ် စစ်ရှောင်ပြည်သူများ၏ ပထမဆုံးအကြိမ် မီနီမာရသွန်ပြိုင်ပွဲကို နိုဝင်ဘာ ၁၈ ရက်က ပြုလုပ်ခဲ့သည်။
**၂၅ရက်**- စစ်ရှောင်စခန်းများတွင် တိမ်းရှောင်နေကြသည့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း ဒေသခံများ၏ မြေနေရာများကို အတင်းအဓမ္မ သိမ်းယူခြင်းနှင့် ဖျက်ဆီးခြင်း မပြုလုပ်ရန် KIO ပဟိုကော်မတီက နိုဝင်ဘာ ၂၅ ရက်တွင် ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။
**၂၇ရက်**- မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်သည့် ပုပ်ရဟန်းမင်းကြီးအား ကချင်ပြည်သူ ၅၀၀၀ ကျော်က သွားရောက်ဖူးမြော်ခဲ့ကြပြီး မြစ်ကြီးနားဂိုဏ်းအုပ်သာသနာမှ ဘာသာဝင်များက တောင်ဝှေးတော်နှင့် ကျောက်စိမ်းပန်းပုရုပ်ကို လက်ဆောင်အဖြစ် ပေးအပ်ခဲ့ကြသည်။
**၂၇ရက်**- ၂၁ ရာစု ပင်လုံ တတိယအကြိမ် အစည်းအဝေးကို လာမည့်ဇန်နဝါရီလ နောက်ဆုံးအပတ်တွင် ကျင်းပရန် အောက်တိုဘာ ၂၇ ရက်က နေပြည်တော်ရှိ NRPC တွင် ပြုလုပ်သည့် ၆ ကြိမ်မြောက် JICM အစည်းအဝေးတွင် ဆုံးဖြတ်ခဲ့သည်။
**၂၇ရက်**- မြစ်ကြီးနားမြို့ရှိ မိုးမလင်းဈေးသည်များ ခင်းကျင်းရန် နေရာအသစ်များကို နိုဝင်ဘာ ၂၇ ရက်မှ စတင်ကာ ပြောင်းလဲသတ်မှတ်ပေးခဲ့သည်။
**၃၀ရက်**- မြေယာပြဿနာများကို ကိုင်တွယ်ဖြေရှင်းရာတွင် မျှတမှုမရှိဟုဆိုကာ ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု ငြိမ်းချမ်းသာယာရပ်ကွက်တွင် ဒေသခံ ၅၀ ဦးခန့်က ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

## ဒီဇင်ဘာ

**၅ရက်**- ဇန်နဝါရီလ ၁၀ ရက်တွင် ကျရောက်သည့် ကချင်ပြည်နယ်နေ့အား တရားဝင်ရုံးပိတ်ရက်အဖြစ် ပြန်လည်သတ်မှတ်ပေးရန် အဆိုကို ပြည်နယ်လွှတ်တော်တွင် ရှုံးနိမ့်ခဲ့မှုနှင့် ပတ်သက်၍ ကချင်ပြည်နယ် ဒီမိုကရေစီပါတီက ဒီဇင်ဘာ ၅ ရက်တွင် သဘောထားတစ်ရပ် ထုတ်ပြန်ခဲ့သည်။
**၁၀ရက်**- ဟူးကောင်းချိုင့်ဝှမ်းဒေသရှိ ကေအိုင်အေ တပ်မဟာ ၂ နယ်မြေအတွင်းသို့ မြန်မာ့တပ်မတော်က လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခတ်ခဲ့ခြင်းကြောင့် ကေအိုင်အေနှင့်တပ်မတော်အကြား အပြန်အလှန် ပစ်ခတ်မှုများ ဖြစ်ပွားခဲ့သည်။
**၁၂ရက်**- မြစ်ကြီးနားမြို့ရှိ ကေအိုင်အို၏ ငြိမ်းချမ်းရေးလုပ်ငန်းဆိုင်ရာအကြံပေးအဖွဲ့ရုံးတွင် ရဲတပ်ဖွဲ့က ခွင့်ပြုချက်မတောင်းဘဲ ဝင်ရောက်စစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။
**၁၄ရက်**- ကက်သလစ်ဂိုဏ်းချုပ်ဆရာတော် ကာဒီနယ်လ်ချားလ်စ်ဘိုက မြစ်ဆုံဒေသရှိ တန်ဖရဲကျေးရွာသို့ လာရောက်စဉ် မြစ်ဆုံစီမံကိန်းကို ရပ်ဆိုင်းသင့်ပြီဟု ပြောကြားခဲ့သည်။
**၁၅ရက်**- မြန်မာ့တပ်မတော်က ဒီဇင်ဘာ ၁၄ ရက်နှင့် ၁၅ ရက် မနက်ပိုင်းတွင် လက်နက်ကြီးများဖြင့် လိုင်ဇာမြို့အနီးရှိ မုန်လိုင်ခက် စစ်ရှောင်စခန်းအနီးသို့ အကြိမ်ကြိမ် ပစ်ခတ်လာခြင်းကြောင့် စစ်ရှောင်ပြည်သူများ ဝေကြိုင် စစ်ရှောင်စခန်းသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်။

Salai စုစည်းသည်။